www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန် အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသား စည်းလုံး ညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာ အာဏာ တည်တံ့ ခိုင်မြဲရေး ဒို့အရေး

တပ်မတော် ပြိုခွဲသူ ဒို့ရန်သူ။
တပ်မတော် ပြိုခွဲမည့် အကြံ ဒို့လက်မခံ။
ဘယ်သူခွဲခွဲ ဒို့မကွဲ အမြဲ စည်းလုံးမည်။

နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံ ဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသား အားလုံး၏ ပဓာနကျသော တာဝန် ဖြစ်သည်။

## ပြည်သူ့ သဘောထား

ပြည်ပ အားကိုး ပုဆိန်ရိုး အဆိုးမြင် ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော် တည်ငြိမ် အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို
နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက် နှောင့်ယှက်သော
ပြည်ပ နိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူ အဖြစ် သတ်မှတ် ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်း သာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
အမျိုးသား ပြန်လည် စည်းလုံး ညီညွတ်ရေး။
ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး။
ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုး တိုးတက်သော
နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေး ကဏ္ဍများကိုလည်း
ဘက်စုံ ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး။
ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍
စီးပွားရေး ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး။
နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်
နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

## လူမှုရေး ဦးတည်ချက် (၄) ရပ်

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊
အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး။
မျိုးချစ် စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး။
တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။

# အရိုး

## တစ်ခါတုန်းကလမ်းပေါ်မှာ

www.burmeseclassic.com

www.burmeseclassic.com

စာမူ ခွင့်ပြုချက် အမှတ် ၅၀၀၂၉၀၀၃၁၀
မျက်နှာဖုံး ခွင့်ပြုချက် အမှတ် ၅၀၀၅၉၆၀၅၁၀
ပထမ အကြိမ် ဩဂုတ်လ၊ ၂၀၁၀
မျက်နှာဖုံး ပန်းချီ မုတ်သုံ
မျက်နှာဖုံးရိုက် ဒေါ်ရွှေ (၀၂၀၇၉)၊ သုခ ပုံနှိပ်တိုက်
၁၂၈၊ ၄၆ လမ်း၊ ရန်ကုန်။
ပုံနှိပ်သူ ဦးတင်မောင်ဝင်း (၀၅၉၄၆)၊ သင်းလဲ့ဝင်း ပုံနှိပ်တိုက်၊
၁၊ ဗိုလ်ရာညွန့်လမ်း အုံ မြို့နယ်၊ ရန်ကုန်။
ထုတ်ဝေသူ ဒေါ်သင်းသင်းမွန် (၀၄၂၃၂)၊ သင်း စာပေ၊
၁၁၊ရတနာမြိုင်လမ်း၊ ၁၂ ရပ်ကွက်၊
ကမာရွတ်မြို့နယ်၊ ရန်ကုန်။
အုပ်ရေ ၅၀၀
တန်ဖိုး ၁၅၀၀ ကျပ်

၈၉၅.၈၃
အရိုး
တစ်ခါတုန်းကလမ်းပေါ်မှာ / အရိုး။ - ရန်ကုန်၊
သင်းစာပေ၊ ၂၀၁၀။
၁၁၈ - စ၊ ၁၃ x ၂၀.၅ စင်တီ
(၁) တစ်ခါတုန်းကလမ်းပေါ်မှာ

# အခန်း(၁)

ည ၁၀:၄၅

ဒီစာကို ရေးနေတဲ့ အချိန်မှာ ကျွန်တော့်အသက်ဟာလည်း ၄၅ နှစ် ကျော်ခဲ့ပြီပေါ့။ ဆယ်စုနှစ်တစ်ခုကျော် လုပ်ကိုင်ခဲ့တဲ့ အလုပ်က အနားယူခဲ့တာလည်း ၄ နှစ်နဲ့ ၅ လ ကျော်ပြီ။ လက်ရှိအချိန်မှာ ကျွန်တော်ဟာ စာလေး ဘာလေး ရေးဖို့ ကြိုးစားနေပါတယ်။

ဒီညတော့ ကျွန်တော်ဟာ စာရေးချင်စိတ် အတော်လေး ပြင်းထန်နေပါတယ်။ လူတစ်ယောက်နဲ့ လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာက အဖြစ်အပျက်လေးတစ်ခုကိုလည်း တော်တော် ပြန်သတိရနေမိပါတယ်။ ထူးဆန်းတယ်လို့ ပြောလည်း ရပါတယ်။ ဘာမှမဟုတ်ဘူး ပြောရင်လည်း ရတာပဲ။ ကျွန်တော့်အတွက်တော့ ဘဝမှာ အမှတ်တရလေး တစ်ခုပါ။ အဲဒီတုန်းက ............

အိမ်သူရွှေမ စာပေ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂)

'မိလှဲ့ ... နင် ပေကပ်ကပ်နဲ့ အူကြောင်ကြောင် လုပ်မနေနဲ့၊ ငါ ဗိုက်လည်း ဆာလှပြီ၊ အပြန်မှာ အိမ်က ခိုင်းထားတာတွေလည်း ဝင်ရဦးမယ်'

'သွားလေ၊ နင့် ဘယ်သူက ဆွဲထားလို့လဲ'

'မဟုတ်သေးဘူးလေ ... ဆယ်တန်းအောင်ပြီး ကတည်းက ကြုံရင်ကြုံသလို ငါ မေးလာတာ၊ အခု Second MB ပြီးတော့မယ်၊ နင် ဘာမှလည်း ပြန်မပြောဘူး၊ ဟိုလိုလို ဒီလိုလိုနဲ့ ... ငါသိပါတယ်၊ နင် ငါ့ကို မကြိုက်တာလည်း မဟုတ်ဘဲနဲ့'

'အောင်မယ်တော်၊ တင်တင်စီးစီးနဲ့၊ ဒီမှာ ဟဲ့ကောင် ... နင့်ကိုယ်နင် ဘယ် အထင်ကြီးပါလား'

'ဟ ကြီးရမယ်လေ၊ ဒီမှာ မိလှဲ့ ... ဘာမှ တောတွေး တောင်တွေး တွေးမနေနဲ့၊ လောကကြီးမှာ နင် ယူသင့်တဲ့ ယောကျ်ားဟာ ငါက လွဲလို့ ဘယ်သူမှ မရှိပါဘူးလို့ ဘယ်နှစ်ခါ ပြောရမလဲ'

'ဟာ ဟ ... ငါက ယောကျ်ားမယူတော့ဘူး ဆိုရင်ကော'

'မယူလို့မဖြစ်ဘူး၊ အရေးကြီးတယ်ဟ၊ နင် ငါ့ မယူရင် နင့်ဘက်က မျိုးဆက်ကော ငါ့ဘက်က မျိုးဆက်ရော တုံးသွားမှာပေါ့၊ အဲဒါ မျိုးတုံးမှာ ဘယ်လို့ ခေါ်တယ်'

'တုံး တုံးဟာ၊ နင့်လိုကောင်မျိုးနဲ့တော့ မျိုးဆက်ပြန့်ပွားလို့ မဖြစ်ဘူး'



www.burmeseclassic.com

www.burmeseclassic.com



'ဘာဖြစ်နေကြတာတုံး'

'နေစမ်းပါ၊ မင်းက တစ်မျိုး ... ဒီမှာ အိမ်ထောင်ရေးကိစ္စ အကျေအလည် ဆွေးနွေးနေတာဟ'

'သွားစမ်းပါ၊ ဘယ်သူက နင့်ကို လက်ခံတယ် ပြောသေးလို့လဲ'

'နင့် စိတ်ထဲက လက်ခံထားတာ ငါ မသိဘူး မှတ်လို့လား၊ ပေါင်းလာတာ ကြာလှပြီ'

'မင်းတို့ကလည်းကွာ ... အား အားရှိ ဒါပဲ ငြင်းနေကြတာပဲ'

'နိုင်ကြီး မင်း အသာနေစမ်းပါ၊ ဒီကောင်မလေး အကြောင်း မသိတာ ကျနေတာပဲ၊ ကြိုက်ပါတယ်၊ ကျွန်မ လက်ခံပါတယ်လေးလောက် ပြန်ပြောလိုက်ရမယ့် အရေးကို သက်သက် ပေကတ်နေတာ'

'မင်းဝေကျော် နင် လျှောက်ပြောမနေနဲ့နော်၊ ဘယ်သူက နင့် ကြိုက်လို့လဲ'

'လာငြင်းနေသေးတယ်၊ နင်လား မကြိုက်ရင် ဒီလိုနေမှာ၊ First MB တုန်းက နင့်လာကြိုက်တဲ့ ဟိုကောင် ဘယ်သူ ... အူတူတူနဲ့ကောင်ကို နင် ဘာလုပ်လွှတ်လိုက်သလဲ ကဲ ပြော'

'ဟဲ့ အဲဒါက ငါ့ တဂျီဂျီလာလုပ်နေလို့ နင့်ကို ငါ့ရည်းစား ဆိုပြီး နားအေးပြီးရော ပြောလိုက်တာဟဲ့၊ ဒီကိစ္စပဲ ထပ်ခါ ထပ်ခါ ငါ့စကားနွားရ လာလုပ်မနေနဲ့'

'ကဲ ထားပါ .... Physics က လာ လာပတ်တဲ့ ဟို ကင်းဆိုတဲ့ မြင်းမျက်နှာနဲ့ ကောင်တုန်းကရော'

'အတူတူပဲ၊ နားအေးပြီးရော ပြောလိုက်တာ ဘာမှပနာလာယူမနေနဲ့'

'နားအေး ပြီးရောဆို ဘာလို့ ငါ့တစ်ယောက်ပဲ လာ လာ ဆွဲထည့်နေတုံး၊ ဘာလို့ ငါ့ကိုချည်း နင့်ရည်းစားလို့ လျှောက်ပြောနေတုံး'

'အေး အဲဒါတော့ ငဝေ ပြန်တာမှန်တယ် မိလှဲ၊ နားအေး ပြီးရောဆို ငါ့လည်း နင့်ရည်းစားလို့ ပြောရင်ရတာပဲ'

'လာပြန်ပြီတစ်ကောင် ... နင့်ရုပ်နဲ့များ နင့်ကို ငါ့ရည်းစားလို့ ပြောစရာလား ... ဝေးသေး'

'အောင်မာ ငါကလည်း နင်လိုဟာမျိုးနဲ့တော့ နာမည်ပျက် မခံနိုင်ပါ





ဘူး၊ နင့်ကိုမှ ကြိုက်ရမယ်ဆိုလည်း ငါ ဖိုးသူတော်ပဲ ဝတ်လိုက်မယ်'

'မင်းကလည်း .... ဘုန်းကြီးဝတ်မယ် လုပ်စမ်းပါ'

'မင်း ဘာသိလို့လဲ၊ ဖိုးသူတော်က ညစာစားလို့ ရတယ်ဟ'

'အရေးထဲ မင်းက တစ်မျိုး ... အသာနေစမ်းပါ နိုင်ကြီးရယ်၊ မင်းဝင်ပါမှ အကြောင်းအရာ ပျောက်တယ်၊ ဒီမှာ ငါ ရှင်းရှင်းမေးမယ် မိလှဲ၊ နင် ငါ့ကို နည်းနည်းတော့ ကြိုက်နေတယ် မဟုတ်လား'

'ဝေးသေး ... တစ်စိ တစ်ပြားဖိုးတောင် မကြိုက်ဘူး'

'ဒါဆို ဘာလို့ ငါ နင့်ရည်းစားလို့ လူတကာ လျှောက်ပြောနေတုံး'

'ဟဲ့ ဒါက တခြားဟဲ့'

'ဘာလဲ တခြား ...'

'နင်က တစ်ခုခု ပြဿနာ ဆက်တက်လာရင် ရှင်းနိုင်တယ်လေ'

'ပြဿနာ ရှင်းနိုင်တာနဲ့ ဘာမှ မဆိုင်ဘူး၊ နင် ငါ့ကို ကြိုက်ပါတယ်ဟာ၊ ဘာမှ ရှက်မနေနဲ့၊ ဝန်ခံလိုက်'

'သေပါလား'

'မသေပါဘူး၊ ရည်းစားစကား ပြောနေတာ ဘာကိစ္စ သေရမှာတုံး၊ နင့် ယူရဦးမယ့်ဟာ'

'ဘယ်သူက နင့်ယူမယ် ပြောသေးလို့လဲ'

'မင်းတို့ဟာကလည်းကွာ ... ဟိုဒင်း စက္ကူကပ်သလို ဆိုလား'

'နိုင်ကြီး နင် မရိုင်းစိုင်းနဲ့နော်၊ ဘယ်ဒင်း စက္ကူကပ်တာလဲ'

'ဟ ငါ ဘာရိုင်းလို့လဲ၊ နင့်ဟာနင် ဦးနှောက်မသန့်လို့ လျှောက်တွေးနေတာ၊ ငါပြောချင်တာ မုန့်လုံးဟ၊ ရုတ်တရက် မေ့နေလို့ ... တော်ပြီ ဘယ်လိုဟာတွေနဲ့ လာ အပေါင်းအသင်း ဖြစ်နေလဲ မသိဘူး၊ ပြန်မယ်၊ မင်းတို့ဟာ မင်းတို့ ဖြစ်ချင်တာ ဖြစ်ကျန်ခဲ့ကြ'

'အမယ် ... ပြောချင်ရာ ပြောပြီး ပြန်ပြေး၊ နာမည်က နိုင်မျိုးနွယ်၊ ဘာလုပ်လုပ် ရှူးနေတဲ့ကောင်က'

'မင်းပြန်တာ ကောင်းတယ် နိုင်ကြီး၊ မင်း ရှိနေလို့ ဒီကောင်မလေး အဖြေပေးဖို့ ရှက်နေတာ'

'ဘာမှ ရှက်နေစရာ မရှိဘူး'



www.burmeseclassic.com

www.burmeseclassic.com



'မရှက်ရင် ပြေလေ၊ ကျွန်မ ရှင့်ကို ချစ်ပါတယ်လို့'

'ကျွန်မ ရှင့်ကို ပါးပိတ်ရိုက်ချင်လှပါတယ်'

'အောင်မာ ရိုက်ကြည့်ပါလား၊ ငါက ဖက်ကိုနမ်းမှာနော်'

'လုပ်လေ ... ငါ သွားတိုင်လိုက်ရင် နင် ထောင်ထဲ တန်းခနဲပဲ'

'စကားမလွှဲနဲ့ဟာ မိလဲ့ ... နင် မပြောချင်ရင် ခေါင်းပဲညိတ်ပြ'

'ငဝေ ငါ နားညည်းလာပြီဟာ'

'အဲဒါကြောင့် မြန်မြန် ခေါင်းညိတ်ပြလိုက်ပါလို့ ပြောနေတာပေါ့'

'ငါ အုံးလွဲနေတယ်'

'လာ ပျောက်သွားအောင် ငါနှိပ်ပေးရမလား'

'ငါ့ လာမထိနဲ့နော် ငဝေ'

'လှဲ့ရည်မိုးဆွေ'

'ပလုတ်တုတ်ကြီးက အော်လို့ ..... ဟိုက်'

'ဟာ ....အဖေ'

'ဟာ အဖေမနေနဲ့ တက် ကားပေါ်'

'ဟုတ်'

'မင်းလည်း ကြပ်ကြပ်သတိထား'

'ဗျာ'

ရှုး ................

* * *





အဲဒီနေ့ကစပြီး လှဲ့ရည် ကျောင်းမတက်တာ တော်တော်ကြာတယ်။ ကျွန်တော်တို့ အကြောင်းတော့ နည်းနည်း ပြောပြရဦးမယ်။ ကျွန်တော်တို့သုံးယောက် အပေါင်းအသင်း ဖြစ်နေကြတာကြာပြီ။ ကျွန်တော် လှဲ့ရည်ကို ကြုံတိုင်း အဖြေတောင်းနေတာ ကြာပြီ ဆိုပေမဲ့ လှဲ့ရည် ကျွန်တော်တို့နှစ်ယောက်နဲ့ အပေါင်းအသင်း ဖြစ်နေတာကို သူ့အဖေကြီးက လုံးလုံး မသိဘူး ခင်ဗျ။ မိလဲ့ မကြာခဏ ပြောပြတတ်လို့ သူ့မိသားစု အကြောင်းကို ကျွန်တော်တို့ နည်းနည်း သိထားတာ ရှိတယ်။

မိလဲ့ အဖေကြီးနာမည်က ဦးမိုးဆွေ။ သူတို့က မြိတ်ဇာတိပါ။ စက်လှေ လုပ်ငန်း လုပ်ကြတယ်လို့ ပြောပါတယ်။ မိလဲ့က သမီးတစ်ယောက်တည်း။ သူ့အမေက မီးတွင်းထဲမှာပဲ ဆုံးပါးသွားတယ် ပြောပါတယ်။ မိလဲ့ ငယ်ဘဝက မြိတ်မှာ အဖေတစ်ယောက်နဲ့ အလုပ်သမား မိသားစုတွေကြားမှာပဲ ကြီးခဲ့ရပါတယ်။ မိလဲ့က စာတော်ပါတယ်။ အလယ်တန်းကို နယ်မှာ အမှတ်အများဆုံးနဲ့ အောင်တော့ သူ့အဖေက ရန်ကုန်မှာ ကျောင်းဆက်ထားဖို့ စီစဉ်ပါတယ်။ ဆွေမျိုးစပ်ထဲက မိန်းမကြီးတစ်ယောက်နဲ့ ဒရိုင်ဘာ လူကြီးတစ်ယောက်နဲ့ အိမ်တစ်လုံး ကားတစ်စီးနဲ့ ရန်ကုန်မှာ လာထားပါတယ်။ သူ့အဖေကတော့ ရန်ကုန်နဲ့ မြိတ်နဲ့ ကူးချည် သန်းချည်ပါ။ ကျွန်တော်တို့ ကျောင်းကို မိလဲ့ ပြောင်းလာပြီး မကြာခင်မှာပဲ ကျွန်တော်တို့နဲ့ ရင်းနှီးသွားပါတယ်။ ဒါကလည်း အဖေနဲ့ အလုပ်သမားတွေကြား ကြီးခဲ့ရတဲ့ မိန်းကလေးမို့ ယောကျ်ား နည်းနည်းဆန်တဲ့စိတ် ရှိနေခဲ့တာ ထင်ပါတယ်။ ဒါကြောင့်လည်း မိန်းကလေးတွေချင်း မေးထူးခေါ်ပြောလောက်ပဲရှိပေမဲ့ ကျွန်တော်တို့နဲ့က တော်တော် လာခင်နေတာ ဖြစ်ပါလိမ့်မယ်။ သူ့အဖေမှာ ထူးဆန်းတဲ့ Psycho တစ်ခုရှိတဲ့အကြောင်း မိလဲ့ မကြာခဏ ပြောဖူးပါတယ်။

တခြားတော့ မဟုတ်ပါဘူး။ ယောကျ်ားလေးတွေကို အလွန်အကျွံ သောကဖြစ်တတ်ပြီး သူ့သမီးကို သိုက်တူးမယ့် ယောကျ်ားပေါ်ကြော တစ်ယောက်ယောက်နဲ့ တွေ့သွားမှာကို အလွန်အကျွံ စိုးရိမ်တတ်တဲ့စိတ်ပါ။ အဘိုးကြီးက မိလဲ့ကို အချစ်လွန်သလောက် အစိုးရိမ်လည်း လွန်နေတဲ့စိတ် ဖြစ်ပါလိမ့်မယ်။ မိလဲ့ကို ယောကျ်ားလေး သူငယ်ချင်း မထားရဘူးလို့



www.burmeseclassic.com

www.burmeseclassic.com



မကြာခဏ သတိပေးတတ်ကြောင်း သူ ပြန်ပြောပြလို့ ကျွန်တော်တို့ သိရပါတယ်။ ကျွန်တော်တို့နဲ့ သူငယ်ချင်းဖြစ်နေတာကို ဒရိုင်ဘာကြီးနဲ့ အိမ်စောင့်အဒေါ်ကြီး သိပေမဲ့ ရန်ကုန်နဲ့ မြိတ်နဲ့ သွားလိုက်ပြန်လိုက် လုပ်နေရတဲ့ သူ့အဖေတော့ လုံးလုံး မသိတဲ့ အကြောင်း သူ သတိပေးထားဖူးပါတယ်။ သူ့အဖေသိသွားရင် အတော် ပြဿနာတက်နိုင်တဲ့ အကြောင်းတော့ ရယ်ရယ်မောမော ပြောပြတတ်ပါတယ်။

မိလဲ့မှာ ကျွန်တော် အရမ်းသဘောကျတဲ့ အချက်နှစ်ချက် ရှိပါတယ်။ အဲဒါကတော့ စိတ်မညစ်တတ်တာနဲ့ ဖြတ်ထိုးဉာဏ် တော်တော်ကောင်းပြီး တည်ငြိမ်တာနဲ့ပါပဲ။ ဒါကိုတော့ ကျွန်တော်ရော နိုင်ကြီးပါ အသိအမှတ်ပြုထားကြပါတယ်။ သူကလည်း ကျွန်တော်တို့ နှစ်ယောက်ရဲ့ တစ်ယောက်ဆီမှာရှိတဲ့ သူ သဘောကျတဲ့ အချက်တွေကို ပြောပြဖူးပါတယ်။ နိုင်ကြီးမှာ မိလဲ့ရော ကျွန်တော်ရော လေးစားရတာ တစ်ခုရှိပါတယ်။ အဲဒါ ဖြောင့်မတ်မှုပါ။ နိုင်ကြီးဟာ အသေးအဖွဲ့ဖြစ်ဖြစ်၊ အရေးကြီးကြီး မကြီးကြီး သူ့သက်တမ်း တစ်လျှောက်မှာ ဘာကိစ္စမှ မလိမ်ဖူးခဲ့ပါဘူး။ ကျွန်တော့်ကိုတော့ နိုင်ကြီးရော မိလဲ့ရော သဘောကျတာ၊ နောက်ပြီး လူအများမနာလို ဖြစ်ကြရတဲ့ အချက်ကို ပြောပြဖူးပါတယ်။ အဲဒါကတော့ ကျွန်တော့်ရဲ့ ထူးဆန်းတဲ့ ဦးနှောက်ပါ။ ကျွန်တော် ကိုယ်တိုင်လည်း ဒီနေ့အထိ နားမလည် ဖြစ်နေဆဲပါ။ တခြား မဟုတ်ပါဘူး။ ကျွန်တော့် ဦးနှောက်ဟာ ကျွန်တော်ကိုယ်တိုင် လိုလို လားလား ရှိရင် ဘယ်လောက် ရှည်လျားရှုပ်ထွေးပြီး ဘယ်လောက်ပဲ မှတ်ရပြုရ ခက်ခက်၊ နားထဲ တစ်ခါကြားရုံ၊ မျက်စိနဲ့ သေချာ တစ်ခါကြည့်ရရုံနဲ့ လုံးဝ တစ်စမလွဲ မှတ်မိနေတတ်တဲ့ အကျင့်တစ်ခုပါပဲ။ ကျွန်တော့်ဟာ ကျွန်တော်လည်း ဘာဖြစ်နေတာမှန်း မသိပါဘူး။ ငယ်ငယ်ကတည်းက အခုအချိန် အထိတော့ ကျွန်တော့် အိမ်မှာ စာပြန်ကျက်ရတာ တစ်ခုမှ မရှိသေးပါဘူး။ တစ်ခါတလေ မိလဲ့က စာတွေများလွန်းရင် ကျွန်တော့်ကို မဆီမဆိုင် လာ ရန်တွေ့တတ်ပါတယ်။ သူ့မှာတော့ စာတွေ ကျက်ရတယ်။ ကျွန်တော်ကတော့ လက်ချာမှာတင် တစ်ခါတည်း အလွတ် ရရနေတာ မတရားဘူး ဆိုပြီးတော့ပေါ့။ အဲဒါတော့ ကျွန်တော်လည်း မတတ်နိုင်တဲ့ ကိစ္စပါ။

အိမ်သူ့ရွှေမ စာပေ



ဘာပဲဖြစ်ဖြစ်ပါလေ။ ကျွန်တော်တို့ သုံးယောက်က တော်တော်တော့ ခင်ကြပါတယ်။ ထူးဆန်းတာက နိုင်ကြီးဟာ မိလဲ့ကို လုံးဝ စိတ်မဝင်စားဘဲ ညီမတစ်ယောက်လိုပဲ အမြဲ ခင်ခဲ့ပါတယ်။ မိလဲ့ကလည်း နိုင်ကြီးကို အစ်ကိုလိုပဲ သဘောထားပါတယ်။ ကျွန်တော်ကသာ ပြောင်းပြန်။ မရှက်တန်း ပြောင်ပြောရရင် မိလဲ့ကလွဲလို့ ကျွန်တော်က ဘယ်သူ့မှ စိတ်မဝင်စားပါဘူး။ အဲဒီအကြောင်းလည်း ကျွန်တော် မိလဲ့ကိုရော နိုင်ကြီးကိုပါ ဖွင့်ဟန်ခံထားပါတယ်။ မိလဲ့ကို ကျွန်တော် ကြံ့တိုင်း ကျောင်းပြီးရင် လက်ထပ်ကြဖို့ တောင်းဆိုပါတယ်။ နိုင်ကြီးက လုံးဝ သဘောတူပြီး တတ်နိုင်သလောက် ဝိုင်းတွန်းပါတယ်။ ကျွန်တော် မိလဲ့ကို ရည်းစားစကား ပြောတိုင်း အဲဒီအချိန်ထိ ကိုးရိုးကားရား ဖြစ်တုန်းပါပဲ။ ကျွန်တော် သူ့ကို ချစ်ပါတယ်။ သူ ကောင်းကောင်းမွန်မွန် အဆင်ပြေနေတာပဲ မြင်ချင်ပါတယ်။ သူကရော ကျွန်တော့်ကို .....။

အိမ်သူ့ရွှေမ စာပေ

www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၃)

'ဘယ်လိုဖြစ်တာလဲကွ၊ ခါတိုင်း အဲဒီလောက် ပျောက်ဆုံးမသွားဖူးပါဘူး၊ ဒီအချိန်က ကျောင်းမှာ အရေးကြီးတာ သူ မသိဘူးလားကွာ'

'မဟုတ်ဘူး နိုင်ကြီး၊ ငါ့အထင်တော့ .... အထင် မဟုတ်ဘူးကွာ၊ သေချာတာတော့ မိလှဲ့ အိမ်မှာ ကျိုင်အတော်ပူနေတာ သေချာတယ်'

'မင်း ဖုန်းရလား'

'ဖုန်းရဖို့ မပြောနဲ့၊ ဖုန်း လဲသွားပြီ၊ အိမ်ဖုန်းက လုံး၀ မကိုင်တော့ဘူး'

'နှစ်ပတ်ကျော်သွားပြီ ဟေ့ကောင်၊ ကြာရင် မကောင်းဘူးနော်၊ ကျနိုင်တယ်'

'ကျနိုင်တာ မဟုတ်ဘူး၊ ကျတော့မှာ၊ ခြောက်ဆယ်ရာခိုင်နှုန်း လောက် ရှိနေပြီ'

'အဲဒီနေ့က ငါ ပြန်သွားပြီးတော့ ဘာတွေ ဖြစ်ကုန်လဲ၊ သေချာပြော စမ်းကွာ'

'အဲဒီနေ့က သူ့အဖေ ရန်ကုန်လာမှာ သူ မသိဘူး ဟေ့ကောင်ရေ၊ ဦးဘာက မင်းပြန်သွားပြီးတော့ ပေါ်တီကိုအောက်မှာ ငါတို့ပဲ ကျန်ခဲ့တုန်း အတိုင်း ငြင်းနေကြရင်းက အဘိုးကြီး ဘယ်အချိန်တည်းက ကြည့်နေလဲ မသိဘူး၊ လာအော်တော့ ငါ လန့်တောင်သွားတယ်'

'အဲဒီတော့...'



www.burmeseclassic.com

www.burmeseclassic.com



'အဲဒီတော့ ဘာဖြစ်ရမလဲ၊ လာနေကျ သူ့ကားလည်း မဟုတ်ဘူး၊ Surf အပြာကြီးနဲ့ ဝေါဆို ရောက်လာပြီး တစ်ခါတည်း မိလှဲ့ကိုခေါ်သွားတာ၊ ငါ့တောင် ပြောသွားသေး၊ မင်းလည်း ကြပ်ကြပ်သတိထားတဲ့'

'မင်းတို့က ဘာဖြစ်နေတာ တွေ့သွားလို့လဲ'

'ထုံးစံအတိုင်းပေါ့ကွာ၊ မိလှဲ့ ရှောင်နေကြ နည်းပေါင်း များစွာထဲက တစ်ခုပေါ့၊ ငါက ခေါင်းညိတ်ပြရုံပဲ ပြောတယ်၊ သူက အုံးလွဲနေတယ် ပြန်ပြောတယ်၊ ငါက သူ့ဆံပင်လေးတွေ ဖယ်ပြီး နှိပ်ပေးမယ် စ နေတုန်း ကျိုင်ထတက်တာ'

'မင်းတို့ဟာကလည်းကွာ၊ နေဦး … မင်း အသေးစိတ် မှတ်မိမှာပဲ၊ ဘယ်လို အနေအထားမျိုး တွေ့သွားတာလဲ'

'နေဦးဟ၊ မင်းပြောမှ သတိရတယ်၊ အဘိုးကြီးက မောင်းဝင်လာတယ်ပဲ ထားကွာ၊ ငါက မိလှဲ့ကို ကွယ်နေတယ်၊ အာ သေပြီ သူငယ်ချင်း'

'ဘာလဲဟ'

'အဘိုးကြီးက မောင်းဝင်လာရင်းသာ တွေ့ခဲ့မယ်ဆိုရင် ငါ မိလှဲ့ကို ဖက်နမ်းလိုက်သလိုမျိုး မြင်ရမှာ'

'ဟေ'

'ဟုတ်တယ်၊ ငါက သူ့အိတ်ကို တစ်ချိန်လုံး ဆွဲထားတာ မင်းမှတ်မိလား'

'ငါ သတိမထားမိဘူး'

'ငါ ကောင်းကောင်း မှတ်မိတယ်၊ သူ့အိတ်နဲ့ စာတက်သိုနဲ့ ရောပြီး ငါ ကိုင်ထားတာ၊ နောက်သူ့ကုပ်ကို ငါ လှမ်းဆွဲမလို လုပ်လိုက်တဲ့အချိန်မှာမှ အဘိုးကြီး မြင်သွားရင် … သေပြီ သူငယ်ချင်း ငါ သူ့ကို နမ်းလိုက်သလိုပဲ ဘယ်သူမဆို မြင်ရမှာ၊ မိလှဲ့က လက်နှစ်ဖက်နဲ့ ငါ့အင်္ကျီ ရင်ဘတ်ကို ဆွဲဆောင့်နေတာ'

'အေး ကောင်းရော'

'အမှန်က ငါ့ကို ဆောင့်တွန်းနေတာဟ၊ ခါတိုင်းလိုပေါ့၊ ဒါပေမဲ့ ငါ့ ကျောနောက်တည့်တည့်က ကြည့်ရင် သူ့ကို ငါ အတင်းဖက်နမ်းလို့ ရုန်းကန်နေတယ်ပဲ ထင်ရမှာ၊ နောက်တစ်ခု ငါ မှတ်မိတယ်'





'ဘာလဲ'

'ကျောင်းမှာ ဘယ်သူမှ မရှိတော့ဘူး၊ ငါ ပြောချင်တာ ငါတို့နားမှာ'

'ကျိုင်ပြီ ဟေ့ကောင်ရေ'

'အေး ငါလည်း ခါတိုင်းလိုပဲ ဒရိုင်ဘာကြီး နောက်ကျနေတယ် မှတ်လို့ သူ့ ကူစောင့်ပေးနေတာ'

'ဝေ … မိလှဲ့ ငါတို့ကို တစ်ခါပြောဖူးတာ မှတ်မိလား'

'သူနဲ့ ပတ်သက်တာ အားလုံး ငါမှတ်မိတယ်၊ မင်းဘာပြောချင်တာလဲ'

'အေးပါ၊ အရေးထဲ အစွမ်းလာပြနေသေး၊ ငါပြောချင်တာက ငါတို့နှင်ကောင်ကိစ္စ သူ့ Father ကြီး လုံးဝမသိဘူး ဆိုတာလေ'

'အေး အဲဒါ ပြဿနာပဲ၊ သူ့ဒက်ဒီကြီးက ကျောင်းတောင် ထုတ်ခိုင်းလိုက်နိုင်တယ် ထင်တယ်၊ သူ့စိတ် သူ့ Psycho သူ့နေရာမှာ ငါ ဆိုရင်တော့ အဲလိုလုပ်မှာ'

'ဘယ်လိုလုပ်မလဲ ငါတို့ သူ့အိမ်နား သွားကြည့်ကြမလား'

'မလုပ်နဲ့ နိုင်ကြီး၊ သတိ သွားပေးလိုက်သလို ဖြစ်လိမ့်မယ်'

'မင်း ဘာစဉ်းစားထားလဲ'

'ဘာမှ မစဉ်းစားထားဘူး၊ ကိစ္စတစ်ခုကို ဘာဖြစ်နေမှန်း သေချာသိသေးဘဲနဲ့ ငါ ဘာမှ မစဉ်းစားဘူး'

'လက်ချာတွေ အရမ်းလွတ်ကုန်ရင်တော့ မကောင်းဘူး ထင်တယ်နော် ဟေ့ကောင်'

'ငါ တွေးနေတာလည်း ဒါပဲ၊ သူ့ကို Notes တွေ ပြန်ပေးဖို့ဟ၊ ငါ Recorder နဲ့ ညဘက် သွင်း သွင်းထားတယ်၊ ကြာရင်တော့ မကောင်းဘူး'

'ငါ ဘာလုပ်ပေးရမလဲ'

'ဘာမှ မလုပ်နဲ့၊ မနက်ဖြန် လက်ချာအကုန်လုံး မင်း Record သာ မှတ်ထားပေး၊ ငါ မိလှဲ့ကိစ္စ စုံစမ်းကြည့်ဦးမယ်'

'ဘာလဲ နက်ဖြန် ကျောင်းမတက်ဘူးလား'

'နက်ဖြန် တစ်ရက် မကဘူးဟ၊ လိုအပ်ရင် တစ်ပတ်လောက် ကြာနိုင်တယ်မှာ'



www.burmeseclassic.com

www.burmeseclassic.com



'မင်း ဘာလုပ်မလို့လဲ'

'ဘာမှ မလုပ်ဘူး၊ သေချာ သိချင်လို့'

'နေဦး ငေဝ၊ သူ့ father ကြီးလာမှာ သူမသိဘူးဆိုတာ မင်း ဘယ်လိုသိလဲ'

'သူ့မျက်လုံးကို ငါ သိတာကြာပြီ သူငယ်ချင်း'



## အခန်း(၄)

အခုအချိန်မှာတော့ ဘာမဟုတ်တဲ့ ကိစ္စကိုများ အရေးတယူလုပ်လို့ ဘာလို့ ထင်ချင် ထင်ကြမှာပါ။ အခုအရွယ် ကျွန်တော် ကိုယ်တိုင်လည်း ပြန်တွေးကြည့်ရင် ပြုံးမိပါတယ်။ အဲဒီတုန်းကတော့ တကယ့် မဟာစိမ်သိန်းကြီးနဲ့ မဟာ စွန့်စားခန်းကြီးပဲ။ ကျွန်တော့် အတွက်လည်း တော်တော် အရေးကြီးတဲ့ operation တစ်ခုပေါ့။ အပြင်လောကမှာ တကယ် ဖြစ်နေကြတဲ့ ကိစ္စတွေဟာ ဝတ္ထုမှ မဟုတ်တာ။ ဝတ္ထု ဆိုရင်တော့ စာရေးဆရာ ဘာပင်အောက် ခဲတံအောက်မှာ ဖြစ်ချင်တိုင်း ဖြစ်နေမှာ။ အဲဒီတုန်းကတော့ ကျွန်တော် ဖြစ်ချင်တိုင်း မဖြစ်ခဲ့ဘူး။ အားလုံး ကိုးရိုးကားရားချည်းပဲ။ ဒါပေမဲ့ တစ်ခုတော့ ဖြစ်ခဲ့တယ်။

တချို့ကိစ္စတွေမှာ ဘာလုပ်ရမှန်း မသိတာမျိုး တကယ် ကြုံရတယ်။ တစ်ခါတလေလည်း စိတ်ပျက် အားလျော့လောက်အောင် ဖြိုကျမလို ဖြစ်ရတယ်။ နေဦး…။

ကျွန်တော်ဟာ ကျွန်တော့် အကြောင်းတစ်ခုထဲဘက်ကနေပြီး အတွေကြီးတွေများ ရေးသားနေမိသလား။ ကိစ္စမရှိဘူး-ထင်ပါတယ်။ လူတိုင်းက ဘာပဲပြောပြော အတ္တတော့ ကြီးကြတာပါပဲလေ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၅)

'ဖေကြီး ကိုယ်တိုင် ကျောင်းမှာ တစ်နေကုန် လိုက်စောင့်ပါလား ဆိုတော့လည်း မဟုတ်ဘူး၊ အဲဒီအကောင်ဟာ သမီးသူငယ်ချင်းပါ၊ သမီးကို လက်ထပ်ချင်ပါတယ်လို့ ပြောနေတဲ့လူပါလို့ အမှန်အတိုင်း ပြောတော့လည်း လက်မခံဘူး၊ ကျောင်းမှာ အခုအချိန်က အရေးကြီးပါတယ်၊ အတန်းတွေ သိပ်လွတ်လွှန်းရင် ခွင့်လည်း မတိုင်ရင် ကျောင်းတက်ချိန် ရာနှုန်းမပြည့်မှာ စိုးရပါတယ်လို့ အခြေအနေကို ပြောတော့လည်း ဒက်ဒီက ဟုတ်ပြန်ဘူး၊ ကဲ အဲဒီကောင်နဲ့ ဆရာဝန်ဖြစ်တဲ့အထိ လုံးဝ မဆက်ဆံတော့ပါဘူးလို့ ကတိပေးတော့လည်း မယုံပြန်ဘူး၊ သမီး ဘာလုပ်ရမလဲပြော၊ အိမ်ထဲမှာ ဒီအတိုင်းကြီး နေ နေရတာကတော့ ပျင်းစရာကြီး ဒက်ဒီရယ်'

'ကျောင်းနဲ့ပတ်သက်တာ ပူမနေနဲ့၊ အဲဒီကောင်နဲ့ နှစ်ကွာသွားရင် ပိုကောင်းသေး'

'အဲဒါဆို လာမယ့် Exam ကို သမီး ဒီအတိုင်း လွှတ်ထားလိုက်ရမလား'

'ထားလိုက်၊ ငါနဲ့ မြို့တက် ပြန်လိုက်ခဲ့၊ ဘယ့်နှယ်ကွာ ...'

'ဘာ ဘယ့်နှယ်ကွာလဲ၊ ဒက်ဒီ မြင်တာ မဟုတ်ပါဘူးဆို'

'မျက်စိနဲ့ မြင်တာ မဟုတ်ပါဘူးလားကွ၊ သိုက်တူးသမား ဆိုတဲ့ အဲဒီကောင်ရုပ်မျိုး အစစ်၊ ဖြူဖတ်ဖြူရော်နဲ့'



www.burmeseclassic.com

www.burmeseclassic.com



'သူက သိုက်တူးစရာမှ မလိုတာလို့ ပြောပြီးသား ဥစ္စာ ဒက်ဒီရယ်၊ ဒုက္ခပါပဲ'

'နင့်ကောင် နင် ကာမနေနဲ့'

'မကာပါဘူး၊ ဒက်ဒီကလည်း သမီးကောင်မှ မဟုတ်တာ'

'လဲ့ရည်မိုးဆွေ … နင့် ငါမွေးထားတာနော်၊ လာ ဟန်ဆောင်မနေ စမ်းနဲ့၊ အလုပ်ပျက်ရတဲ့ အထဲ'

'ဒက်ဒီ'

'….'

'ဒက်ဒီ'

'…..'

'ဒက်ဒီ ဒီမှာ ကြည့်ဦး'

'ဘာလဲ'

'သမီးက ရည်းစားကွဲတဲ့ ရုပ်ရော ပေါက်နေလို့လား ဒက်ဒီရယ်၊ အိမ်မှာရှိတဲ့ လူတွေ မေးကြည့်ဦး … သမီး ဘာဖြစ်နေလို့လဲ၊ ဒက်ဒီဖြစ်စေချင်တဲ့ဟာ အလကား နောက်ကျတော့မယ်'

'အဲဒီဟာက တခြား၊ အခု ငါ ပြောသလိုနေ'

'နေ နေတာပဲ ဥစ္စာကြီးကို'

'နေစမ်းပါဦး သမီးလေးရယ် …ဒက်ဒီ ယူကျုံးမရလွန်းလို့ပါ၊ အဲဒီကောင်နဲ့ ဘယ်တုန်းကတည်းက ဖြစ်နေကြတာတုံး၊ သူ့မိဘတွေက ဘာလုပ်ကြတုံး'

'သြော် ခက်ပြီ ဒက်ဒီရယ်၊ ဒါပဲ အကြိမ်ကြိမ် တရားသူကြီးလို စစ်နေ … သမီး ပြောပြီးပြီ၊ သူ့မိဘတွေက သမီးတို့လိုပဲ နေနိုင်စားနိုင်ပါတယ်ဆို၊ နောက် ရှိသေးတယ်၊ အဲဒီကောင်နဲ့ ဖြစ်နေတာ မဟုတ်ပါဘူးဆို'

'ဒါဆို ဟိုနေ့က ဘာဖြစ်နေကြလဲ ကဲ ပြော ငါ့ကိုပြော'

'ဘာမှမဖြစ်ပါဘူးဆို၊ သမီးကို ကျောင်းပြီးရင် လက်ထပ်ဖို့ ရည်းစား စကား ပြောနေတာပါဆို'

'ငါ မြင်တာ တခြားနော် မိလဲ့ရည်'

'ဒက်ဒီမြင်တာ မဟုတ်ပါဘူးဆို၊ ကဲထား … သမီး ရည်းစားနဲ့သာ





ကွဲနေတယ်ဆို ဒီနှစ်ပတ်အတွင်း ရုစ်ပေါင် တိုးလာမလား၊ တမှိုင်မှိုင် တွေတွေ ဖြစ်နေမှာပါဆို'

'မိလဲ့ရည် မိတဆိုးလေးဆိုပြီး အလိုလိုက်ထားတာ အဖေကို တစ်ခွန်းမခံ ပြန်ပြောဖို့ မဟုတ်ဘူးနော်'

'ဒက်ဒီပဲ သင်ပေးထားတာ ဥစ္စာ၊ အပြန်အလှန် ဆွေးနွေးခြင်းမှာ အဖြေရှိတယ်ဆို'

'တိ တိ'

'ဟုတ်ကဲ့ မိုးဆွေပါ၊ အေး ပြော ကောင်းသာ … မလာဖြစ်သေးဘူးကွာ၊ ဟုတ်ပြီလား၊ မင်းလေ့အင်ဂျင်ချတဲ့ ကိစ္စထက် အရေးကြီးတာ ငါ့မှာ ရှိနေတယ်၊ ကြားတယ်နော်၊ တဂျီဂျီ လာဆက်မနေနဲ့၊ မလှပြောကတည်းက ငါသိတယ်၊ လုပ်စရာရှိတာ လုပ်ထား၊ ကုန်တင်နေတယ်ဆိုပြီး လျှောက်သောက်မနေနဲ့၊ မင်းတို့က တစ်မျိုး'

'……….'

'မလာဘူး၊ ငါ့ဟာငါ ဘယ်အချိန်လာလာ မင်းအလုပ်လား၊ မင်းအလုပ်မင်းလုပ် ကောင်းသာ၊ ဒါပဲ၊ ငါ အလုပ်လုပ်နေတယ်'

'ဟိ ဟိ'

'ဘာရယ်တာလဲ မိလဲ့ရည်'

'ဒက်ဒီ အလုပ်တွေ ပျက်နေပြီ၊ ရန်ကုန်မှာ ဘယ်လောက်နေမှာလဲ'

'သွားအိပ်တော့စမ်း၊ အလကား လူကြီးကို အလုပ်ရှုပ်အောင် လုပ်တဲ့ ကလေး၊ ငါ ပြောပြီးပြီနော်၊ ငါ့မှာ နင့်ကို ပေးစားစရာလူ ရှိပြီးသား၊ ခေတ်ကာလ သားသမီးတွေများကွာ …'

'ဒက်ဒီ မအိပ်ခင် တစ်ခုခု မသောက်တော့ဘူးလား'

'မလိုဘူး၊ နင်သာ အပြင်ထွက်ဖို့ မကြိုးစားနဲ့'

'မကြိုးစားပါဘူး'

'ဘယ်လိုဟာတွေမှန်း မသိဘူး၊ မိဘလည်း မလေးစား … အိမ်ထဲမှာ သားလို့လည်း အကဲခတ်မရ၊ မိလဲ့ရည် ညည်း အတတ်စုံနေတယ်ပေါ့လေ'

'Good Night Daddy'



www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၆)

အချို့သော ကိစ္စတွေမှာ နားလည်မှု ကွဲလွဲတတ်တာကို ကျွန်တော်တို့ အကြိမ်ကြိမ် ကြုံဖူးကြပါတယ်။ ဒီအရွယ်မှာ ကျွန်တော် တစ်ခု တွေးမိတာရှိတယ်။ တချို့ ကိစ္စတွေမှာ ကာလအတော်ကြာ နားလည်မှု ကွဲလွဲနေခဲ့ရင် တချို့သောသူတွေ အတွက် ကြီးမားတဲ့ နစ်နာဆုံးရှုံးမှုမျိုး ကြုံရတတ်တာပါပဲ။

အခု ပြောပြနေတဲ့ အဖြစ်အပျက်တစ်ခု ဖြစ်ပျက်နေတဲ့ အချိန်မှာ ကျွန်တော် အစိုးရိမ်ခဲ့ဆုံးသော ကိစ္စတစ်ခု ရှိခဲ့ပါတယ်။ အဲဒါက မလိုလားအပ်တဲ့ အချိန်တစ်ခု လူတစ်ယောက်အတွက် ဆုံးရှုံးသွားမှာကိုပါ။ ဒါပေမဲ့ အကျအနကြီးကို နားလည်မှု လွဲခဲ့ကြတာပေါ့။ ကျွန်တော် ပြောပြချင်တဲ့ လတ်လမ်းတစ်ခုက ဒီနေရာမှာ စပါပြီ။

ကျွန်တော်တို့ဟာ ကာလတစ်ခုကို စနစ်တကျ နားလည်မှု လွဲခဲ့ကြဖူးတယ်။ တခြား တစ်ဖက်ကတော့ .....။



www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၇)

## Day 01 2:00 pm

'လုပ်စရာ တစ်ခုပဲ ရှိတော့တယ်'

'ဘာဖြစ်ကုန်တာတုံးကွာ၊ အလန့်တကြား'

'ဘာမှ အလန့်တကြား မဟုတ်ဘူး၊ ငါ သူ့အဖေနဲ့ တွေ့ပြီးပြီ'

'ဟေ'

'မဟေနဲ့ သူငယ်ချင်း၊ ငါ့မှာ လုပ်စရာတစ်ခုပဲ ရှိတော့တယ်၊ ကျောင်းတက်တာ မတက်တာ တခြား၊ သူ လက်ချာ အားလုံးတော့ သိမှဖြစ်မှာ၊ အလကားနေရင်းတော့ လူတစ်ယောက် စာမေးပွဲကျတာ ငါ မခံစားနိုင်ဘူး'

'လာမဖြေရင် မင်း ဘာလုပ်နိုင်လို့လဲ'

'လာမဖြေဘဲတော့ မနေဘူး သူငယ်ချင်း၊ လာဖြေတဲ့အချိန် ငါတို့နဲ့ ဘာတစ်ခွန်းမှ မပြောဖို့ဘဲ အရေးကြီးတာ'

'သုံးရက်အတွင်း မင်း ဘာဖြစ်လာတာတုံး'

'ဖြစ်လာတာ အများကြီးပဲ၊ အရေးကြီးတာကတော့ ငါ့မျက်နှာ မမြင်ချင်တဲ့ ကိစ္စဟ'

'ဘဝပေးကုသိုလ် နည်းရှာတာကိုးကွာ၊ ကိုယ့်မျက်နှာ လူမမြင်ချင်ဘူးဆိုတာ ... ပြောရရင် ကျောက်ပုံပျက်သလိုပဲ'

'ဘာတွေ လျှောက်ပြောနေတာတုံး'



www.burmeseclassic.com

www.burmeseclassic.com



'မသိဘူးလေ'

'နိုင်ကြီးရယ် မင်းမှာလည်း ဆန်စက်နဲ့ ဆရာဝန်ကိစ္စကြား အတော် ဗျာများနေပုံ ရတယ်၊ ဘာတွေ လျှောက်တွေးနေတုံး'

'ဟဲ့ကောင် … သူငယ်ချင်းတစ်ယောက် အိမ်ထဲ အပိတ်ခံထားရတဲ့ ကိစ္စနဲ့ စက်ကိစ္စနဲ့ကို အတင်းလာဆွဲ ပြောမနေနဲ့၊ မင်း ဘာသိလို့လဲ ငါ့အိမ်က စက်ကိစ္စ'

'ငါ သိတာ တစ်ခုတော့ ရှိတယ်၊ အဲဒါ အခုကိစ္စမှာ မင်း ဘာမှမသိဘူး'

'အေးပါ ထားတော့၊ မင်း ခုနကပြောတယ်၊ သူ့အဖေနဲ့ တွေ့တယ်ဆို၊ ဘာပြောတုံး'

'ဘာပြောရမလဲ၊ ငါ့ကို မတွေ့ရရင် သူ့သမီးကို စာမေးပွဲ ပေးဖြေမယ်တဲ့'

'ဟ ရမလားဟ၊ မင်း ကျမှာပေါ့၊ ခုံနံပါတ် ဒီလောက်နီးနေတာ'

'ငါတော့ မကျပါဘူး၊ ငါ့ဟာငါ ဖြေစရာရှိတာ ဖြေပြီး ပြန်ရုံပေါ့ဟ၊ ပြဿနာက လဲ့ရည်၊ ဘာဖြေမလဲ …သူ'

'Notes တွေ မင်း သွားပေးမယ်ဆို'

'ဘယ်လိုလုပ် သွားပေးမှာတုံး၊ ဒီလောက် ကြပ်ထားတဲ့ကိစ္စ'

'နေဦး … ဆပ်ပလီ မထိမှ ဖြစ်မှာလား'

'ကွင်းလုံးကျွတ် အောင်သွားမှ နောက်တစ်နှစ်မှာ ငါနဲ့တူတူ ရှိမှာလေ'

'အတွ ကြီးလှချည်လား'

'သူက အောင်သွားရမယ့် လူလေကွာ၊ မင်းကလည်း …'

'ထားပါတော့ … ဒီလောက် နီးနေတာ မင်း ဘာလုပ်မလဲ'

'ငါ လုပ်စရာ ရှာတွေ့ပြီဟ'



## အခန်း(၈)

### Day 02 3:30 pm

'တင်း … တောင် … တင်း … တောင်..'

'လာပြီ လာပြီ … ဟောတော့'

'ကျွန်တော် ဦးမိုးဆွေနဲ့ တွေ့ချင်လို့ပါ'

'ဘာကိစ္စလဲ၊ မင်း ဘယ်သူလဲ၊ မျက်နှာဖုံးကြီး ဘာလို့ စွပ်ထားတာလဲ၊ ငါ အော်လိုက်မှာနော် သွား သွား …. နောက်ဆုတ်စမ်း'

'မဟုတ်ပါဘူး၊ အဒေါ်ကြီး ကျွန်တော့်ကို သိပါတယ်'

'အို …မသိဘူး မသိဘူး၊ ရုပ်ရုပ်ယှက်ယှက်တွေ … သွား သွား'

'ဂျိုင်း'

'တင်း … တောင် … တင်း … တောင်..'

'မင်း မသွားသေးဘူးလား'

'အဒေါ်ကြီး ဘာမှမဖြစ်ဘူး၊ ကျွန်တော် ဘာမှလာလုပ်တာလဲ မဟုတ်ဘူး၊ ဦးမိုးဆွေကိုသာ ခေါ်ပေးပါ၊ ဒါကြီး စွပ်လာတာ အကြောင်းရှိလို့ပါ'

'ဘာဖြစ်နေတာလဲဟေ့၊ ဟင် ဒါ … ဘယ်ကကောင်လဲ'

'မသိဘူး အစ်ကိုကြီး'

'အန်ကယ် ကျွန်တော်ပါ၊ ဟို ..ဟိုဟာလေ…'



www.burmeseclassic.com

www.burmeseclassic.com



'ဘယ်ကကောင် ခြံထဲ ဝင်လာတာလဲ၊ မြင့်မောင် ဟေ့ … မြင့်မောင်'

'ဗျာ ဆရာ'

'ဒီကောင်ကို မင်း ဖွင့်ပေးလိုက်တာလား'

'ဟုတ်တယ်လေ ဆရာ'

'ဘာကွ၊ ဒီကောင် ဘယ်သူလဲ မင်းသိလို့လား'

'သိတယ်လေ ဆရာ၊ ဒါ မီးငယ်ကျောင်းက ကောင်လေး'

'ဘာ … ဟင် … မင်း အတင့်ရဲလှချည်လား၊ မင်းကိုငါ ပြောထားတယ်လေ၊ ဘာလာလုပ်တာတုံး၊ မြင့်မောင် ဆွဲထုတ်စမ်းကွာ၊ ဒေါ်အေး တံခါးပိတ်ထား'

'မဟုတ်ပါဘူး အန်ကယ်၊ ကျွန်တော် ဒါတွေ လာပေးတာပါ'

'ဘာတွေလဲ ဒါ'

'ဒက်ဒီ ဘာဖြစ်နေကြတာလဲ၊ ဟောတော့ …ငဝေ နင် နင် ဟီဟိ'

'မီလုံ နင် အထဲဝင်နေစမ်း၊ ဟေ့ကောင် … မင်း သွား ထွက်သွားစမ်း'

'ခဏ ခဏလေး အန်ကယ်၊ ကျွန်တော် သွားမှာပါ၊ ပြောတာ နားထောင်ပါဦး'

'မီလုံရည် ဝင်စမ်းဆို'

'ဒက်ဒီကလည်း'

'ဟိုကောင် … မင်းကို ထွက်သွားလို့ ပြောနေတယ်နော်၊ ငါ ရဲခေါ်လိုက်ရမလား'

'ခက်တာပဲဗျာ၊ ဦးလေးကြီး လုပ်ဦးလေဗျာ'

'ဒီ ဒီလိုပါ ဆရာ'

'မြင့်မောင် … ခြံတံခါးကို သော့ပိတ်ထားလို့ မင်းကို ငါ မှာထားတယ်နော်၊ ဘယ်သူ ဘာအကြောင်းနဲ့လာ လာ ငါ့ကို အရင် လာပြောရမယ်လို့ မှာထားတယ် မဟုတ်လား'

'ဟုတ် ဟုတ်ပါတယ် ဆရာ၊ ဒါပေမဲ့ ဆရာ အိမ်သာတက်နေတယ် ပြောလို့'

'ဘာဆိုင်လဲကွ'

'ဒီ ဒီလို ဆရာ၊ သူ့ကိုလည်း ကျွန်တော် သိပါတယ်၊ သူပြောတာလည်း





ဟုတ် … ဟုတ်နေ …'

'ဘာ ဟုတ်တာလဲ'

'သူက ပြောပါတယ်၊ ဆရာက သူ့မျက်နှာ နောက်မတွေ့ချင်ဘူး ပြောလို့ ဒါကြီးစွပ်လာတာလို့ ပြောပါတယ်၊ နောက် မီးငယ် ကျောင်းစာတွေ ဆရာ့ကို နည်းနည်း ရှင်းပြပြီး ပေးခဲ့ချင်ပါတယ်၊ ဆရာနဲ့ လွဲပြီးလည်း ဘယ်သူနဲ့မှ မတွေ့ချင်ပါဘူး၊ မီးငယ် စာမေးပွဲလည်း နီးနေပြီ ပြောလို့ ကျွန်တော်လည်း ဖွင့်ပေးလိုက်တာပါ'

'ဘာဖြစ်တယ် ဟိုကောင် … မင်း ပြောစမ်း'

'ဒီလိုပါ အန်ကယ်၊ ကျွန်တော် ကျောင်းမှာ လက်ချာတွေစုလာတာ လာပေးတာပါ၊ ကျွန်တော် အရေးကြီးတဲ့ဟာတွေ အန်ကယ့်ကို နည်းနည်း ရှင်းပြပြီး ပေးထားခဲ့ပြီး ပြန်မှာပါ'

'ပြစမ်း'

'ဒီမှာပါ'

'ဟင် ဆရာဦးစန်းထွန်း ဟာတွေလည်း မပါဘူး'

'မီလုံရည် ညည်းကို အထဲမှာ ဝင်နေလို့ ငါပြောနေတယ်နော်'

'အေး ဟုတ်တယ်၊ ဆရာစန်းဟာတွေ ငါ မရသေးဘူး၊ မနက်ဖြန်မှ လာပေးမယ်'

'ဘာပြောတယ် ဟေ့ကောင်၊ မင်း ဘာမှ နောက်နေ့ လာစရာမရှိဘူး၊ မြင့်မောင် ဒီနေ့ကစပြီး ဘာအကြောင်းနဲ့မှ ဒီကောင်ကို ခြံထဲ ပေးမဝင်နဲ့၊ ဒါနောက်ဆုံး ဖြစ်ပါစေ'

'ဟုတ်ကဲ့ ဆရာ'

'ဟေ့ကောင် မင်းသွားတော့'

'ဟို … နည်းနည်းတော့ အန်ကယ့်ကို ပြောပြရမှာလေးတွေရှိ…'

'ဘာမှ မရှိဘူး၊ ဒါတွေထားပြီး မင်းပြန်၊ ဘယ်လို ကောင်လဲကွ၊ သူကြီး စကား အထအန ကောက်ပြီး လာနောက်စရာလား'

'ကျွန်တော် မနောက်ပါဘူး၊ သူငယ်ချင်း စာမေးပွဲကျမှာ စိုးလို့ပါ'

'မသွားသေးဘူးလား မင်း'

'ဟုတ်၊ သွားမှာပါ၊ ကျေးဇူးပါ ဦးလေးကြီး'



www.burmeseclassic.com

www.burmeseclassic.com



'ဟာဟ ရယ်ရတယ်'

'မီလုံ့ရည်'

'သွားပြီ သူငယ်ချင်း'

'ပါဝါရိန်းဂျား အပြာကောင် ဝေဝေ …ဟီဟိ'

'မြင့်မောင် … ကျန်တဲ့လူက လွဲလို့ အဲဒီကောင်ကို လုံးဝ အဝင်မခံနဲ့ ကြားလား'

'ဟုတ် ဟုတ်ကဲ့ ဆရာ'

'ဘာကောင်လဲကွ၊ ကြောင်စီစီနဲ့ … ရော့ ရော့ သွားစမ်း၊ နင့်ဟာတွေ ယူသွားစမ်း၊ နင်လည်း ကြပ်ကြပ်သတိထား၊ ဒေါ်အေး တံခါးသော့ချာ ပိတ်ထား'



# အခန်း(၉)

## Day 03 4:00 pm

'မင်း သေချာတယ်နော် နိုင်ကြီး'

'ဩော် … ခက်ပါလား၊ ငါက ဘာမသေချာစရာ ရှိမှာလဲ၊ ဒါတွေ သွားပေးရုံ ဥစ္စာ'

'CD တွေ မကျန်စေနဲ့နော်'

'ဟော့ကောင် … ငါ ကလေးမဟုတ်ဘူး'

'အေး အဲဒါဆိုလည်း လစ်ကွာ … ငါ ည ဖုန်းဆက်လိုက်မယ်'

'အေး ပြီးရော'

'တီ တီ တီ'

'ဘာကိစ္စလဲ ငါ့တူ'

'ဩော် ဟုတ်ကဲ့ ခင်ဗျာ၊ ကျွန်တော် ရွှေမျိုးနွယ် ဆန်စက်ကပါ'

'ဆန်စက်က ဟုတ်လား၊ အေး … လာ ဝင် ဝင်'

'ထိုင် ငါ့တူ … ဒါထက် မင်းနာမည်က'

'ကျွန်တော် နိုင်မျိုးနွယ်ပါ ခင်ဗျာ၊ ကျွန်တော် ဦးမိုးဆွေနဲ့ တွေ့ချင်လို့ပါ'



www.burmeseclassic.com

www.burmeseclassic.com



'မိုးဆွေဆိုတာ ငါပဲဟ'

'သြော် ဟုတ်ကဲ့ အန်ကယ် တွေ့ရတာဝမ်းသာပါတယ် ခင်ဗျာ'

'အေး အေး၊ နေဦး … ဒေါ်အေးရေ သမီးရေ … အအေးလေးလုပ်ခဲ့ပါဦးဟ'

'နေပါစေ အန်ကယ်၊ ရပါတယ်'

'ကိုင်း ဆိုကွာ၊ တလောကတော့ ဆန့်ဝယ်ဖူးတယ်၊ ဒါပေမဲ့ ဦးစိတ်ထင် စက်က ထိပ်တန်းဆိုလားကွာ၊ မောင်ရင်တို့ အခွဲပဲလား'

'မဟုတ်ဘူး ခင်ဗျ'

'ဟေ … ထူးတော့ ထူးပြီ၊ လိုရင်းပြောကွာ'

'ဒီလိုပါ ခင်ဗျာ ကိစ္စက'

'အအေးရပြီ ဒက်ဒီ၊ ဟဲ့ နင် ဘယ်လိုလုပ် ရောက်နေ …'

'နေဦး၊ ညည်း သူ့ကို သိသလား၊ မောင်ရင်က ဘယ်သူ့ဆီ လာတာလဲ'

'ကျွန်တော် သူ့ကိုသိပါတယ် ခင်ဗျာ၊ ကျွန်တော် အန်ကယ့်ဆီ လာတာပါ'

'ဟော့ … သမီး သူ့ကို ညည်းသိတယ် ဟုတ်လား'

'ဟို ကျောင်း … ကျောင်းမှာသိတာ'

'ဒါဆို မောင်ရင်က ဆေးကျောင်းကပေါ့'

'ဟုတ်ပါတယ်ခင်ဗျ'

'နေဦး၊ မင်း … ဟိုကောင့် သူငယ်ချင်းလား'

'ဘယ်သူပါလဲခင်ဗျာ'

'ဘယ်သူ ဆိုလားကွာ၊ ဖြူစပ်စပ်နဲ့ ငမြွေဆိုလား၊ ဟဲ့ သမီး ဟိုအကောင် နာမည် … ဘာဖြစ်တယ်'

'မင်းဝေကျော်လေ ဒက်ဒီ'

'သြော် ဟုတ်ကဲ့၊ သိပါတယ် ခင်ဗျာ'

'ဒါဆို မင်းပြန်တော့ ငါ့တူ'

'ဗျာ'

'ပြန်တော့လို့ ငါပြောတာ၊ အဲဒီကောင်နဲ့ ပတ်သက်တာ ငါ ဘာမှ မမြင်မကြားချင်ဘူး'





'မဟုတ်ဘူး အန်ကယ်'

'ဘာ မဟုတ်တာလဲ'

'ကျွန်တော်လာတဲ့ ကိစ္စက အန်ကယ်နဲ့ပဲ ပတ်သက်တာပါ၊ အန်ကယ့်ကို ဒါတွေ ပေးချင်လို့ပါ၊ အန်ကယ် ကြည့် ကြည့်၊ ပြီးရင် လုပ်ချင်ရာလုပ်လို့ ရပါတယ်'

'ဘာတွေလဲ ဒါတွေ'

'ကျွန်တော်တို့ ကျောင်းက စာရွက်စာတမ်းတွေပါ၊ နောက်ပြီး ကျောင်းက မှာလိုက်ပါတယ်၊ အန်ကယ့်သမီးနဲ့ ပတ်သက်လို့ နေထိုင်မကောင်းရင် ခွင့်တိုင်ထားပါလို့ ပြောပါတယ်၊ ခွင့်မဲ့ပျက်ကွက် များလာရင် စာမေးပွဲဖြေဖို့ ရာခိုင်နှုန်း မမီမှာစိုးလို့ ကျွန်တော့်ကို လမ်းကြုံမှာလိုက်ပါတယ်'

'ဟုတ်တယ် ဒက်ဒီ ခွင့်တော့ တိုင်ပေး'

'နေစမ်း သမီး၊ ညည်း ဝင်မပါနဲ့၊ ဒီမှာ ငါ့တူ'

'ဟုတ်ကဲ့ ခင်ဗျ'

'မင်း ကြည့်ရတာ မိကောင်းဖခင် သားသမီးပုံပဲ၊ အပြောအဆိုကအစ ရည်မွန်တယ်၊ ဒါပေမဲ့ အန်ကယ် တစ်ခုပြောမယ်'

'ပြောပါ ခင်ဗျာ'

'အခု ဒါတွေလာပေးတာတော့ ကျေးဇူးတင်ပါတယ်ကွာ၊ နောက်တစ်ခါတော့ အဲဒီ ဆေးကျောင်းနဲ့ ပတ်သက်တဲ့ ကိစ္စတွေ အထူးသဖြင့် ဟိုကောင် ကန့်လန့်ကန့်လန့်ပါနေတဲ့ ကိစ္စတွေဆို မင်း နောက်တစ်ခါ လာနဲ့တော့ … အန်ကယ်ပြောတာ နားလည်လား'

'နားလည်ပါတယ် အန်ကယ်'

'အေး ဒါဆို ပြန်တော့'

'ကောင်းပါပြီ ခင်ဗျာ၊ ဒီမှာ ကျွန်တော်တို့စက်ရဲ့ လိပ်စာကဒ်ပါ၊ အလုပ်ကိစ္စဆို ဆက်သွယ်နိုင်ပါတယ် ခင်ဗျာ၊ ကျွန်တော် နောက်တစ်ခါလည်း မလာတော့ပါဘူး'

'အေး အေး … ကောင်းပါတယ်ကွာ၊ သွား …သွား'

'ခွင့်ပြုပါဦး ခင်ဗျာ'

'သြော် နေဦး'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ကဲ့ ခင်ဗျ'

'မနက်ဖြန် မင်း ကျောင်းတက်မှာလား'

'ဟုတ်ကဲ့ တက်မှာပါ'

'ဒါဆို ဆယ့်တစ်နာရီလောက် အပေါက်ဝမှာ စောင့်နေပေးမလား၊ အန်ကယ် သူ့ကိစ္စ ခွင့်လာတိုင်မလို့'

'ဟုတ်ကဲ့ ရပါတယ် ခင်ဗျာ၊ ကျွန်တော် စောင့်နေပါ့မယ် ခင်ဗျ'

'အေး အေး ကျေးဇူးပဲကွာ'

'ဟုတ်ကဲ့၊ ပြန်ပါဦးမယ် ခင်ဗျာ'

'တံခါးပိတ်လိုက် သမီး'

'ဟုတ်ကဲ့'

'နေဦး၊ ခုန ကောင်လေးကို ညည်းသိလား'

'သိတယ်လေ ဒက်ဒီ'

'အဲဒါ ဟိုကောင့် သူငယ်ချင်းလား'

'ဘယ်သူလဲ'

'မသိချင်ယောင် ဆောင်မနေနဲ့၊ အခု ညည်း အပြင် မထွက်ရအောင် ဒုက္ခပေးနေတဲ့ ကောင်လေ'

'ဩော် ဟုတ်တယ်လေ၊ ဘာဖြစ်လို့လဲ'

'ညည်းနဲ့ သိတယ်ဆိုရင် ညည်းကို ဘာလို့ နှုတ်မဆက်သွားတာလဲ၊ ဘာသဘောလဲ ဒါ … ဒီအကောင်တွေ တစ်ခုခု ကြံစည်နေသလား၊ မှန်မှန်ပြောစမ်း'

'ဒုက္ခပါပဲ ဒက်ဒီရယ်၊ သမီးမှ ကျောင်းမသွားရတာ ဘယ်သူနဲ့မှလည်း ဒက်ဒီမှ ပေးမတွေ့တာ ဘယ်လိုလုပ်သိမှာလဲ'

'ညည်း ကြပ်ကြပ်သတိထား'

'ခက်တာပဲ၊ ဘာ သတိထားရမှာလဲ ဒက်ဒီရဲ့၊ ဒါပဲ ပြောနေတာပဲ'

'ရှော့ ရှော့ … နင့် ကျောင်းကဟာတွေ ယူသွား'



## အခန်း(၁၀)

### Day 04 10:30 am

'မနေ့က OK လား သူငယ်ချင်း'

'OK ပါတယ်၊ ဒါပေမဲ့ ငါ နားမလည်တာ အဘိုးကြီးက မင်းကိုမှ ဘာလို့ ခါးခါးသီးသီး ဖြစ်နေရတာလဲ'

'မသိဘူးလေ၊ သူ့သမီးကို ငါ အတင်း ဖက်နမ်းထားတယ်လို့ ထင်နေလို့ ဖြစ်မှာပေါ့'

'မင်း သေချာ သွားပြောကြည့်ပါလား၊ ကျွန်တော် ဖက်မနမ်းပါဘူးလို့'

'အဲလို သွားပြောမှ လက်သီးနဲ့ ထ ထိုးမှပေါ့ဟ၊ မင်းကလည်း'

'ငါ ပြောကြည့်ရမလား'

'မင်းက ဘယ်လိုပြောမှာလဲ'

'အခု ခဏနေ အဘိုးကြီး ကျောင်းလာမှာကွ'

'ဟိုက် ဘာလာလုပ်မလို့တုံး'

'သူ့သမီးအတွက် ခွင့်လာတိုင်မှာဟ၊ ငါ့ကို အပေါက်ဝမှာ ဆယ့်တစ်နာရီလောက် လာစောင့်ပြီး လိုက်ပြခိုင်းထားတယ်'

'နိုင်ကြီး မင်း ငါ့ကို ဘာလို့ ညကတည်းက မပြောတာလဲ'

'မင်း ဘာ ထဖြစ်တာလဲ၊ အရေးမှ မကြီးတဲ့ဟာကို'

'ဟ … အရေးကြီးတယ်ဟ အကောင်ရ၊ ဒီနေ့ တစ်ရက်စာ လက်



www.burmeseclassic.com

www.burmeseclassic.com



ချာတွေနဲ့ ဟိုအရင်အဟောင်းတွေ တချို့ပါ မိလဲ့ဆီ ထည့်ပေးလိုက်လို့ရတယ်ဟာ၊ အခု ဘယ်အချိန် ရှိပြီလဲ'

'ဆယ်နာရီခွဲ'

'ဒါဆို လာဟာ၊ ဆရာစိုးဆီ လစ်ကြမယ်၊ အချိန် ရှိသေးတယ်'

'ဘာလုပ်မလို့လဲ မင်း'

'မင်း အဘိုးကြီးကို ကျောင်းသားရေးရာတွေ ဘာတွေ လိုက်ပို့ရမှာ မဟုတ်လား'

'အေးလေ'

'ဒါဆိုပြီးရင် ဆရာစိုးဆီ ခေါ်သွားလိုက်၊ ဆရာစိုးကို ငါ ကြိုပြောပြထားပြီး ဆရာစိုးက တစ်ဆင့် မိလဲ့ဆီကို အဘိုးကြီးနဲ့ Notes တွေ ထည့်ပေးရမယ်'

'ငဝေ မင်းဟာမင်းလည်း ကျက်ဦးနော်၊ မိလဲ့ အောင်သွားပြီး မင်း ကျနေဦးမယ်'

'အေးပါဟ'

'နေဦး ငဝေ၊ ပရယ်တီကယ်တွေကျ ငါတို့ ဘယ်လိုလုပ်မလဲ၊ သူကိုယ်တိုင်လာမှ ရမှာဟ'

'ငါ သိပါတယ် နိုင်ကြီးရ၊ ငါ ကြံထားတာ ရှိပါတယ်'

'ဒါဆိုလည်း ပြီးရော၊ လာ လာ လစ်မယ်၊ မင်းတော့ ငါနဲ့ လုံးဝတူတူ တွေ့လို့မရဘူးနော်၊ အဘိုးကြီးက မင်းကို တော်တော် မကြည်တာ'

'ငါသိပါတယ်ဟ'



# အခန်း(၁၁)

## Day 05 3:40 pm

'ဒီနေ့တော့ ကွိုင်ပြီ နိုင်ကြီး'

'မင်းမလည်းကွာ .... တစ်နေ့တစ်နေ့ ဒီကိစ္စနဲ့တင်ကို ကြာရင်သေမှာပဲ၊ ဘာဖြစ်လာပြန်ပြီလဲ'

'Anatomy Notes တွေ ဒီနေ့ သွားပေးဖို့ဟာ ဒီအချိန်ကြီးကျမှ ရတော့ ဘယ့်နှယ်သွားလုပ်မလဲ'

'ဘယ့်နှယ်မှ မလုပ်နဲ့ နောက်နေ့မှ သွားပေးပေါ့ကွာ၊ အေးအေးဆေးဆေး လုပ်စမ်းပါ'

'နောက်နေ့ကျတော့လည်း MCQ တွေ ပေးရဦးမယ်၊ သန်ဘက်ခါ ရယ်တီကယ်လည်း သူလွတ်လို့ မရဘူးဟ၊ သူ လွတ်ထားတာ နှစ်ခါ နေပြီ'

'မင်းကလည်း Leave တင်ထားတာပဲ ဟာကို'

'နိုင်ကြီးရာ ... မင်းကိုယ်တိုင် လိုက်လုပ်ပေးထားတဲ့ဟာ Leave Leave လေကွာ၊ အခုဟာက သူ့ဟာသူ နာတာရှည်ဖြစ်လို့ ဆေးခွင့်မှ တာ၊ မိသားစုကိစ္စ ရှိလို့ပါဆိုပြီး ကျောင်းက ခွင့်လွှတ်ထားတာ၊ င်းမလာဘဲ အိမ်မှာသာ သူ့လို ကျက်နေလို့ ရလို့ကတော့ အတန်းထဲက ရဲ့တွေ သူ့လို အကုန် လိုက်လုပ်ကုန်ကြတော့မှာပေါ့'



www.burmeseclassic.com

www.burmeseclassic.com



'ဒါတော့ ရမလားဟ၊ Lecture မလိုက်ဘဲ ရမလား၊ အခုဟာက မင်းက အကုန်လုပ်ပေးနေတာကိုး၊ ငါသာ ကောင်မလေးဆို မင်းလိုဟာမျိုး ကြိုက်ချင်ယောင်ဆောင်ပြီး House ပြီးတဲ့အထိ ကြိုးရှည်ရှည်နဲ့ လှန်ထားတယ်၊ နောက်ဆုံး ဆ မ ရတော့မှ ကိုယ်ယူချင်တဲ့ လူ ယူတယ်'

'ကြိုးရှည်ရှည်နဲ့ လှန်ထားရအောင် ငါက နွားလား'

'နွားမဟုတ်တောင် ကျွဲလောက် ဆိတ်လောက်တော့ ရှိနေပြီ၊ အခု မင်းဖြစ်နေတာက'

'ကုသိုလ်ပြုနေတယ်လို့ သဘောထားစမ်းကွာ၊ လုပ်နေတဲ့လူကို ကူဖော်မရတဲ့အပြင် ဘေးက တတွတ်တွတ်နဲ့ ... မင်းဟာ မိန်းမကြီးကျနေတာပဲ၊ သူငယ်ချင်း အချင်းချင်း လုပ်ပေးကောင်းပါတယ်'

'သူငယ်ချင်းချင်းဆိုလည်း တော်ရုံပေါ့ကွာ၊ ခု မင်းဟာက မင်းကိုလေသာနဲ့ မင်း ငယ်ထိပ်တက်ဆောင့်ပြီး ပျာယာခတ်နေတာ၊ ဖြစ်သွားတဲ့ကိစ္စကလည်း မင်း သွားဆတ်ဆော့လို့ ဖြစ်တာ'

'တော်ပြီ နိုင်ကြီး၊ မင်းနဲ့ မငြင်းဘူး၊ အခု ဘယ်လိုလုပ်ရင် ကောင်းမလဲ ငါ စဉ်းစားနေတာ'

'သူများတွေမှာ တစ်ယောက်စာတောင် စာမေးပွဲဖြေဖို့ သေမလို လုပ်နေကြရတာ၊ မင်းဟာက နှစ်ယောက်စာ ဖြေနေပြီနော်၊ ကြာရင် ရူးသေမယ်'

'ရူးခါမှ ရူးကွာ၊ ရသလောက်တော့ ကြံရမှာပဲ'

'မင်းမှာ ကြီးတော် အပျိုကြီးတွေ ဘာတွေ မရှိဘူးလား'

'ဘာဖြစ်လို့လဲ'

'မဟုတ်ပါဘူး၊ ရှိခဲ့ရင် အဘိုးကြီးနဲ့ အောင်သွယ်ပေးလိုက်ဖို့ ပြောမလို့ပါ၊ အဘိုးကြီး အာရုံပြောင်းသွားတော့မှ မင်း မိလှဲ့ကို အေးအေး ဆက်ကြံလို့ရတာပေါ့'

'မင်း ကြီးတော်ကြီး သွားပေးပါလား အဘိုးကြီးကို ...'

'မပေးပါဘူး၊ ငါမှ သူ့သမီး မကြိုက်တာ'

'တော်ကွာ၊ ဘာလုပ်ရင် ကောင်းမလဲ စဉ်းစားမရရတဲ့ အထဲမှာ'

'မင်းမှာ ကား Audio ကိုင်တဲ့ အသိတွေ ဘာတွေ မရှိဘူးလား'





'ဘာဖြစ်လို့လဲ'

'မင်းကားကို လော် တပ်နိုင်းမလို့လေ'

'ဘာကိစ္စ ငါ့ကား လော် တပ်ရမှာတုံး'

'ပြောနေတာကို ဆုံးအောင် နားထောင်စမ်းကွာ၊ ငါ အကောင်း အကြံပေးမလို့ ဥစ္စာကို'

'အေး လုပ်ပါဦး'

'ငါ ပြောမယ် ငဝေရဲ့၊ သေချာနားထောင်၊ မင်း ဒီအတိုင်း တစ်နေ့တစ်နေ့ ပျာယာခတ်နေရင် ကြာရင် မင်း မလွယ်ဘူး၊ အဲဒီတော့ ဒီနေရာမှာ မင်းခေါင်းကြီးကို အသုံးချရမှာပဲ'

'ဘယ်လို အသုံးချရမှာလဲ'

'ဒီလိုကွာ ... တစ်နေ့ တစ်နေ့ သင်သမျှ လက်ချာတွေ မင်းအလွတ်ရ ရနေတယ် မဟုတ်လား'

'အေးလေ'

'အဲဒီတော့ ညနေ ကျောင်းဆင်းရင် မင်းကားမှာ အင်ပလီဖိုင်ယာတပ်ပြီး မိလှဲ့ဘို့အိမ်ရှေ့ သွား သွားအော်ပေါ့ကွာ၊ ဒီနေ့ ဘာတွေသင်လိုက်တယ်၊ အရေးကြီးတာတွေက ဘာတွေဆိုတာမျိုးပေါ့၊ ဒါဆို အခု မင်း လုပ်နေရသလို အသံ ပြန်သွင်းရတာတွေ၊ Notes ပြန်ထုတ်နေရတာ၊ သွား သွားပေးဖို့ ကြံနေရတွေ သက်သာသွားတာပေါ့၊ ဘယ့်နှယ့်လဲ'

'ကောင်းလိုက်တဲ့အကြံ ... အဲဒါ ငါမေ့နေတယ် ကြည့်စမ်း နိုင်ကြီး မင်း တယ်တော်ပါလားဟ၊ လာစမ်း ... မွတ်'

'အလယ်လယ် ... နေစမ်း၊ တော်ရမယ်လေ မင်းဆရာ တစ်ပိုင်း ဖြစ်နေပြီပဲဟာ'

'ငါ ပြောလိုက်ရ မကောင်း ရှိတော့မယ်၊ နည်းနည်းမှ ချီးကျူးလို့ ကောင်းတဲ့ကောင်'

'လုပ်မနေနဲ့ ဟေ့ကောင် ... အချိန်မရှိဘူး သွားတော့'

'OK သူငယ်ချင်း'



www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၁၂)

**Day 06 5:30 pm**

"အဟာမ်း ... အဟာမ်း ... မိလှဲ နှင် သေချာနှားထောင်၊ ငါလည်း အချိန်မရတာနဲ့ ဒီလို အော်ကြီးဟစ်ကျယ်ကိစ္စ စီစဉ်ရတာ၊ ရှက်တော့ရှက် ရာကြီး၊ ဒါပေမဲ့ မတတ်နိုင်ဘူးဟာ၊ တစ်နေ့တစ်နေ့ လက်ချာတွေ ငါ ဒီလိုမှ လာမပြောရင် နှင် ဘာသာစုံ ဆပ်ပလီစွဲဖို့ ကျိန်းသေပဲ၊ အဲဒီတော့ နည်းဟာနှင် အိမ်ထဲကနေ ကျောင်းမှာ လက်ချာလိုက်နေသလို သဘောထားပြီး ထိုက်သာ မှတ်ပေတော့ဟာ၊ အဟာမ်း ... ဒီနေ့ အစောဆုံးအချိန်မှာ ဘာ ဆင်သလဲ ဆိုတော့ကာ ........"



www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၁၃)

## Day 07 6:00 pm

'အဟာမ်း … မိလဲ့ ငါ ရောက်ပြီ၊ ငါ စိစဥ်တာ ဘယ့်နှယ့်နေသလဲ ော့ မသိဘူး၊ နင့်အသံလည်း ပြန်ကြားရတာ မဟုတ်တော့ ငါလည်း ောင်းမယ် ထင်သလို လုပ်ရတာပဲ၊ ဒီမှာ လူတွေတော့ ငါ့ကို အရူးထင် း လာဝိုင်းကြည့်နေကြတယ်ဟာ၊ မနေ့ကထက်တောင် နည်းနည်း ပိုများလာ း:တယ်၊ နင် ကြားရလားတော့ မသိဘူး၊ ခွေးတစ်ကောင်လည်း ငါ့လာ ောင်နေတယ်ဟာ၊ ဟော ဟော အူပါ အူနေပြီ၊ ဟဲ့ခွေး … လူတွေ ငါ့ ယ်နေကြတယ်၊ ကျွန်တော် ဘာမှလုပ်နေတာ မဟုတ်ဘူး`ခင်ဗျ၊ ဒီအိမ်ထဲ ကျွန်တော့်သူငယ်ချင်းကို သူ့အဖေက ကျောင်းပေးမတက်လို့ ကျွန်တော် စာ လာ လာ သင်ပေးနေတာ၊ ကျွန်တော့်ကို အိမ်ထဲလည်း အဝင်မခံ ာ့ ဒီလိုပဲ လော်နဲ့ အော်နေရတာပါ ခင်ဗျ၊ ဟုတ်ပါတယ် … အဲဒီ ခံဲမှာ ခင်ဗျ၊ စာမေးပွဲလည်း နီးနေလို့ပါ၊ အဟာမ်း … အဟာမ်း … ဲ့ နင် ရယ်ဒီ ဖြစ်ပြီလား၊ ငါ စပြောလို့ ရပြီလား၊ နေဦး ငါပြောဦးမယ်၊ မိတ္တူတွေ ပေးစရာရှိတယ်၊ ငါ ပြန်သွားမှ နင် ထွက်ယူလိုက်၊ ဒီမှာ အနီးနဲ့ ဆိုက်ကားဆရာကြီးကို ငါ မှာထားပြီးပြီ၊ အေး အဟာမ်း … ော် ပြောဖို့ မေ့နေတယ်ဟာ၊ ဒီနေ့ နင့် သူငယ်ချင်းနိုင်ကြီး ကျောင်းမှာ



www.burmeseclassic.com

www.burmeseclassic.com



နေနင်းမိတယ် ဟ'

'ဝါး ဟား ဟား'

'လူတွေ ရယ်ကုန်ပြီဟ၊ အေး အေး စာအကြောင်းပဲ ပြောတော့မယ်၊ ဒီနေ့ မနက်အချိန်က ဘာနဲ့စသလဲဆိုတော့ .............'



# အခန်း(၁၄)

## Day 08 5:30 pm

'မိလှဲ၊ အဟမ်း အဟမ်း ငါရောက်ပြီဟ၊ အဟွတ် အဟွတ် ... ဒီနေ့ ငါ ချောင်းနည်းနည်း ဆိုးနေတယ်၊ အဟွတ် ... ဒါပေမဲ့ ပြောလို့ရတယ်၊ ကိစ္စမရှိဘူး၊ အဟွတ် ဟွတ် ... နင်တို့ လမ်းထိပ်က ဆိုက်ကားဆရာတွေနဲ့တောင် ငါ ခင်နေပြီဟ၊ အဟွတ် ... မနေ့က ငါပြန်မယ်လုပ်တော့ ဂစ်တာတီးဖို့လာတဲ့ ကောင်လေးနှစ်ယောက်နဲ့ တွေ့တယ်၊ နင်တို့ တစ်အိမ်ကျော်က ကောင်မလေးတွေအိမ် သွားတီးမလို့တဲ့ဟ၊ တစ်ယောက်က အဟွတ် ဟွတ် ... အဲဒီ ကောင်မလေးတွေထဲက တစ်ယောက်ကို ကြိုက်လို့တဲ့၊ အဟွတ် ဟွတ် ... ငါလည်း ဘာတွေ လျှောက်ပြောနေလဲ သိဘူး၊ အေး အေး၊ စာအကြောင်းပဲ ပြောတော့မယ်၊ ဒီနေ့ ဘာစသင်လဲ ဆိုတော့ကာ .....'

'.............'

'ပလုတ်တုတ်ရဲ့ လန့်လိုက်တာ၊ ဟ အန်ကယ်'

'.............'

'မရွဲ့ပါဘူး ခင်ဗျာ၊ ကျွန်တော် ဘာလုပ်လို့လဲ ခင်ဗျ'

'.............'

'မဟုတ်သေးဘူးလေ အန်ကယ်၊ ကျွန်တော် စာလာပြတာလေ'



www.burmeseclassic.com

www.burmeseclassic.com



'............'

'ဒီလိုခင်ဗျ၊ ဒီလော်နဲ့မှ ကောင်းကောင်းကြားရမယ် ထင်လို့ပါ၊ ရပါတယ်ခင်ဗျ၊ ကျွန်တော် အဆင်ပြေပါတယ်'

'............'

'ဒါ ရှက်စရာမှ မဟုတ်တာ ခင်ဗျ'

'............'

'ဗျာ၊ မဟုတ်သေးဘူးလေ အန်ကယ်၊ ဒါက မြို့တော်စည်ပင် ပိုင်တဲ့ လမ်းပေါ်မှာ ဖြစ်နေပြီခင်ဗျ၊ အန်ကယ့် ခြံဝမှာမှ မဟုတ်တာ ခင်ဗျ'

'............'

'ဒါဆို ကျွန်တော် ဟိုဘက်ခြံနဲ့ ညှိပြီး ရွှေ့ရပ်လိုက်ပါ့မယ်၊ မိလဲ့ရေ ခဏဟာ'

'ရပြီဟ မိလဲ့ရေ၊ နင်တို့ ဘေးအိမ်တွေက အင်မတန် လူကြီးလူကောင်း ဆန်ကြတယ်ဟေ့၊ ငါ့ကို သူတို့ အိမ်ဝင်းထဲက ပေးအော်တယ်ဟ၊ အဟွတ် အဟွတ် ... ငါ ပိုအဆင်ပြေတာပေါ့၊ ဒီလိုဟ ဒီမနက် ဘာသင်သလဲဆိုတော့ကာ ..............'



## အခန်း(၁၅)

**Day 09 7:30 pm**

'မိလဲ့ ... ငါ နည်းနည်း နောက်ကျသွားတာ ဆေးခန်းသွားပြနေလို့ ဟ၊ နင်သိလား မသိလားတော့ မသိဘူး၊ ငါ့ အသံကော ကောင်းကောင်း ကြားရရဲ့လား၊ နင်တို့ တစ်အိမ်ကျော်က မိန်းကလေး ဘော်ဒါဆောင်ပဲဟ၊ အဆောင်နဲ့ ခြံပိုင်ရှင် အန်တီကြီးက ငါ့အဒေါ်နဲ့ ကျောင်းနေဖက်ဟ၊ စကား စပ်မိလို့ ငါလည်း ဒီနေ့မှ သိရတာ၊ သူ့ခြံထဲကအော်တာ သူခွင့်ပြုတယ် ဟ၊ ငါ ဒီမှာ လက်ဖက်သုပ်တွေ ဘာတွေနဲ့ ဟန်ကျနေတယ်၊ ဒီလိုဟ ... ဒီနေ့ အချိန်သိပ်မရလို့ အရေးကြီးတာပဲ ပြောသွားတော့မယ်၊ ညသိပ်နက်ရင် မကောင်းဘူးဟ၊ ငါ့ အသံကြောင့် ရပ်ကွက် အနှောင့်အယှက် ဖြစ်လိမ့်မယ်၊ နင် လိုက်မှတ်ထားတော့၊ ဒီနေ့ ဘာအရေး ကြီးတာရှိလဲ ဆိုတော့ကာ ... ...............'



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၆)

### Day 10 6:30 pm

'မိလဲ့ နှင်အပိတ်ခံထားရတာပဲ ခပ်ကောင်းကောင်းဟာ၊ ငါတော့ ဒီမှာ အသိမိတ်ဆွေတွေ အတော်တိုးနေပြီ၊ အဆောင်ရှေ့ ဂစ်တာ လာ လာတီးတဲ့ ဘော်ဒါတွေနဲ့တောင် ဘော်ဒါဖြစ်နေပြီ၊ နောက်ပြီး ရှိသေးတယ်၊ နှင်တို့ ဘေးအိမ်က ဦးလေးဦးကျော်ဝင်းက Chess ချန်ပီယံဟောင်းဟာ၊ ငါဒီနေ့ ကျောင်းမှာ ဘာမှ သိပ်အရေးကြီးတာမရှိဘူး၊ နည်းနည်းပါးပါး နှင့်ကို ပြောပြပြီးရင် ဦးလေး ဦးကျော်ဝင်းဆီမှာ Chess သွားသင်မလို့ဟာ၊ ဒီလို မိလဲ့ ... ဒီနေ့ ငါပြောမှာက ............'



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၇)

### Day 11 7:30 pm

'လာပါ ခင်ဗျာ ထိုင်ပါ၊ ကျွန်တော်တို့ ဘာများ အကူအညီ ပေးရပါမလဲ'

'ဒီလိုပါ၊ ကျွန်တော်က အိမ်နံပါတ် (၄၀) နှင်းဆီလမ်းကပါ၊ ကျွန်တော့်နာမည် ဦးမိုးဆွေလို့ ခေါ်ပါတယ်'

'ဪ ဟုတ်ကဲ့ပါ၊ ကျွန်တော်တို့ ဘာများ ကူညီရပါမလဲ'

'ဒီလိုပါ၊ ကျွန်တော့်မှာ သမီးလေးတစ်ယောက် ရှိပါတယ်၊ သူ့အမေကတော့ ဆုံးသွားတာ ကြာပါပြီ၊ ကျွန်တော်တို့ ဇာတိကတော့ မြိတ်ကပါ'

'ဟုတ်ကဲ့'

'ကျွန်တော့် သမီးလေးက ဆေးကျောင်းသူပါ၊ အဲဒါ အခု သိုက်တူးသမားနဲ့ တွေ့နေလို့ပါ'

'ဗျာ'

'ဆောရီး၊ ကျွန်တော်စကားပြော လောသွားပါတယ်၊ ဒီလိုပါ ကျွန်တော့်သမီးကို ကြံနေတဲ့ကောင်တစ်ကောင်နဲ့ တွေ့နေရတာကို ပြောချင်တာပါ'

'ဒါဆို ရဲအရေးပိုင်တဲ့ ကိစ္စပဲ၊ ကျွန်တော်တို့ နယ်မြေအပိုင်နဲ့ ဆက်သွယ်ပေးပါမယ်၊ ခဏလေးစောင့်ပါ ခင်ဗျ'

'အဲ အဲလို ... အဲလောက်ကြီးလည်း အရေးမကြီးသေးပါဘူး၊ ဒီလိုပါ



www.burmeseclassic.com

www.burmeseclassic.com



ပွင့်ပွင့်လင်းလင်း ပြောရရင် ကျွန်တော် ခုနကပြောတဲ့ အကြံသမား ဆိုတာက ကျွန်တော့်သမီး ကျောင်းက ကျောင်းသားတစ်ယောက်ပါ၊ ကျွန်တော့်သမီး သူငယ်ချင်းပါ၊ လာရင်းကိစ္စက အဲလောက် မကြီးကျယ်လှသေးပါဘူး'

'ဒါဆို အန်ကယ် အခုလာတာက'

'အခု လာတာက ဒီက ရ အ ဖ တွေ အနေနဲ့ ကိစ္စလေးတစ်ခု တိုင်ပင်ချင်တာလေးပါ'

'ဟုတ်ကဲ့၊ ပြောပါခင်ဗျာ'

'ဒီလိုပါ၊ ကျွန်တော်က ကျွန်တော့်သမီးလေးကို အဲဒီကောင်နဲ့ အဆက်ဆံ အပတ်သက်မရှိအောင် ကျောင်းမတက်ခိုင်းတာ ကြာပါပြီ၊ အဲဒါကို အဲဒီကောင်က စာမေးပွဲနီးနေတာ အကြောင်းပြပြီး ကျွန်တော့်အိမ်ရဲ့ တစ်ဝင်းကျော် ဘော်ဒါဆောင်ကနေ ညနေဆို လော်စပီကာနဲ့ လာ လာ အော်ပြီး အနှောင့်အယှက် ပေးနေပါတယ်၊ အဲဒီကိစ္စနဲ့ ပတ်သက်ပြီး တိုင်ချင်လို့ပါ'

'ဪ ကိုမင်းဝေကျော် ကိစ္စ ထင်တယ်'

'ဗျာ၊ ခင်ဗျားတို့ ဘယ်လိုလုပ်သိလဲ'

'ဒီလိုပါ ဦးမိုးဆွေ၊ လွန်ခဲ့တဲ့ ငါးရက် ခြောက်ရက်ဧလောက်က ကိုမင်းဝေကျော် ကျွန်တော်တို့ရုံးကို ခွင့်ပြုချက် လာယူပါတယ်၊ သူက အကြောင်းစုံ ပြောပြပါတယ်၊ ဦးမိုးဆွေအနေနဲ့ အထင်လွဲနေတဲ့ အကြောင်း၊ ဘာပဲဖြစ်ဖြစ် ဆေးကျောင်းသား၊ ဆေးကျောင်းသူတွေအနေနဲ့ တစ်နေ့ နှစ်နေ့လောက် ကျောင်းပျက်ရုံတင် စာတွေလွတ်ကုန်ပြီး အဆင်မပြေနိုင်တဲ့ ကိစ္စရော၊ စာမေးပွဲ နီးနေတဲ့ကိစ္စနဲ့ ပတ်သက်ပြီးတော့ပါ မိနီလော်စပီကာ အသုံးပြုခွင့်ပေးဖို့ ကိစ္စ လာခွင့်တောင်းထားပြီးသားပါ၊ ကျွန်တော်တို့ အနေနဲ့ကလည်း အခြားသော တိုင်ကြားမှု တစ်စုံတစ်ရာ မရောက်လာသေးသရွေ့တော့ လူမှုရေး ရှုထောင့်အရ ခွင့်ပြုပေးလို့ရတဲ့ အနေအထားဆိုတော့ ရပ်ကွက် အနေနဲ့ ခွင့်ပြုထားပါတယ်၊ အခု ဘာများဖြစ်လို့ပါလဲ ခင်ဗျား ဦးမိုးဆွေတို့အိမ်မှာ လမ်းပိတ်ဆို့တာတွေ၊ အဝင်အထွက် အနှောင့်အယှက်ဖြစ်စရာ တစ်စုံတစ်ရာများ ရှိလို့ပါလား၊ ကိုမင်းဝေကျော်က ဘယ်လိုနေရာမျိုးကနေ လော်စပီကာကို အသုံးပြုနေပါသလဲ၊ ကျွန်တော်တို့ သိရသ





လောက်တော့ ကိုမင်းဝေကျော်က ဒေါ်သီတာဦးတို့ရဲ့ အနန္တမေတ္တာ ဘော်ဒါခြံထဲကနေ လော်စပီကာကို အသုံးပြုနေတယ်လို့ သိထားရပါတယ်၊ တိုင်ကြားမှု တစ်စုံတစ်ရာလည်း ဒီနေ့အထိ ကျွန်တော်တို့ဆီကို မရောက်သေးပါဘူး'

'ဒါပေမဲ့ ကျုပ်အတွက် အနှောင့်အယှက် ဖြစ်နေလို့ လာပြောရတာပါ'

'ဒီလိုရှိပါတယ် ခင်ဗျ၊ ကျွန်တော်တို့ အနေနဲ့ကတော့ ဒေါ်သီတာဦးတို့ခြံဝင်းထဲမှာ ဖြစ်ပျက်နေတဲ့ ကိစ္စတစ်ခုကို ဒေါ်သီတာဦးအနေနဲ့ ခွင့်ပြုထားသရွေ့ တစ်နည်းအားဖြင့် ရပ်ကွက်ထဲက လူအများစု အနှောင့်အယှက်ဖြစ်ပါတယ်လို့ မတိုင်ကြားသရွေ့တော့ တစ်စုံတစ်ရာ တားဆီး ပိတ်ပင်ဖို့ ခက်ပါတယ်'

'ခင်ဗျားတို့ ကိုယ်တိုင် ဒီကောင်ကို အားပေးအားမြှောက် လုပ်နေတာကိုး'

'ဒီလိုရှိပါတယ်၊ မိနီလော်စပီကာ အသုံးပြုတဲ့ ကိစ္စနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ လက်လွှတ်စပယ်နဲ့ ခွင့်ပေးထားတာ မဟုတ်ပါဘူး၊ ညည်းကမ်းဘောင် တစ်ခုထဲကနေ ခွင့်ပေးထားတာပါ၊ အခါအားလျော်စွာ ရပ်ထဲရွာထဲ အသိပေးစရာ ကိစ္စ တစ်စုံတစ်ရာ ပေါ်ပေါက်လာခဲ့ရင်လည်း ကိုမင်းဝေကျော်အနေနဲ့ နှင်းဆီခြံလမ်းကို တာဝန်ယူကြေညာပေးဖို့ ပြောထားတာ ရှိပါတယ်၊ သူကိုယ်တိုင်လည်း တာဝန်ယူဖို့ ကတိခံထားပါတယ်'

'ဒါဆို ကျုပ်က ဒီလိုပဲ နေ့တိုင်း နားငြီးခံနေရတော့မှာလား'

'အန်ကယ့် အနေနဲ့ အဲဒီအချိန်မျိုးတွေမှာ ခဏရှောင်နေလိုက်ရင် ရမယ်ထင်ပါတယ်၊ ကျန်တဲ့အိမ်တွေက လူတွေကတော့ လာတိုင်ကြားမှု မရှိဘူးခင်ဗျ၊ အဲဒီအတွက် ကျွန်တော်တို့ဘက်ကလည်း သိပ်ပြီး ပြဿနာမရှိလှဘူးလို့ ယူဆထားပါတယ်'

'ခက်တာပဲ'



www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၁၈)

## Day 12 6:00 pm

နှင်းဆီခြံလမ်း အပါအဝင် ရပ်ကွက်တွင်းရှိ မိဘပြည်သူ အပေါင်းတို့ခင်ဗျား … ယခုအခါ ပွင့်လင်းရာသီကို ရောက်ရှိလာပြီ ဖြစ်ပါ၍ ပွင့်ပွင့်လင်းလင်း ပြောရရင် ကျွန်တော့်ကို ရ အ ဖ က မီးသတိပေးကြော်ငြာချက် ရွတ်နိုင်းလို့ ရွတ်ပြရမှာ ဖြစ်ပါတယ်၊ ဟုတ်ကဲ့၊ အဟမ်း … မီးဆိုတဲ့ ကိစ္စဟာ ပေါ့သေးသေး မဟုတ်ပါဘူး ခင်ဗျ၊ မီးဆိုတာ လောင်တတ်ပါတယ်၊ မီးလောင်ရင် ဘာဖြစ်သလဲဆိုတော့ ပြာဖြစ်ပါတယ်၊ တစ်ရပ်ကွက်လုံး လောင်ရင်တော့ တစ်ရပ်ကွက်လုံး ပြာကျပြီး အားလုံး ထမင်းထုပ် စားရနိုင်ပါတယ် ခင်ဗျ၊ အဲဒါကြောင့် မီးကိုသတိပြုကြဖို့ လိုပါတယ်၊ မီးအန္တရာယ်ဖြစ်စေနိုင်တဲ့ ဟိုဟာတွေ ဘာခေါ်မလဲခင်ဗျာ … လောင်စာဆိုတာတွေ အိမ်မှာ သိုလှောင်မထားကြဖို့လို့ ရ အ ဖ ကပြောပါတယ်၊ မီးချိတ်၊ မီးကပ်၊ သဲပုံး၊ ရေပုံးတွေ၊ မီးသတ်ဆေးဘူးတွေ ဘာတွေလည်း အသင့်ဆောင်ထားကြဖို့ လိုပါတယ်ခင်ဗျ၊ ဖယောင်းတိုင်၊ အမွှေးတိုင်၊ မီးဖိုမီး၊ ခြင်ဆေးခွေမီး၊ လျှပ်စစ် မီးဖို၊ ဂက်စ် မီးဖို၊ ဆေးလိပ်မီး၊ လပ်ပေါက်မီး၊ လောဘမီး၊ ဒေါသမီး အဲ အဲ … မီးဆိုရင် ကိုယ့်သမီးကိုပါ သတိထားဖို့ လိုပါတယ် ခင်ဗျ၊ မီးဆိုတာမျိုးက မလောင်ခင်က တားရတယ်လို့ ပြောပါတယ်၊ အကောင်းဆုံးကတော့ ကိုယ်မနိုင်တဲ့မီးကို



www.burmeseclassic.com

www.burmeseclassic.com



မမွေးတာ ကောင်းပါတယ်၊ ဒီလမ်းထဲမှာက အားလုံး ခြံနဲ့ဝင်းနဲ့ နေကြတာမို့ အမှိုက်တွေ ဘာတွေ မီးရှို့တာလည်း သတိရှိဖို့လိုပါတယ် ခင်ဗျ၊ မီးမရှို့ခင် ရေ အရင်ဆောင်ထားမှ ဖြစ်ပါလိမ့်မယ်၊ ဆေးလိပ်သောက်တတ်သူတွေ အနေနဲ့ကတော့ ဆေးလိပ်ကို ကိုယ့်လက်ကြားနဲ့ ဆေးလိပ်ပြာခွက်ထဲကလွဲရင် ဒီလိုကာလမျိုးမှာ ကိုယ့်နားရွက်ကြားတောင် ကိုယ်မညှပ်ထားသင့်ဘူး ခင်ဗျ၊ ဆေးလိပ်မီး မသေခဲ့ရင် ခေါင်းမီးတောက်တတ်ပါတယ်၊ ဟုတ်ကဲ့၊ ကျွန်တော်လည်း ဘာတွေ လျှောက်ပြောနေမိတယ် မသိဘူး ခင်ဗျ၊ အဓိက ကတော့ မီးသတိပြုဖို့ နှိုးဆော်ချင်တာပါပဲ၊ မိလှဲ့ရေ … နင်လည်း မီးသတိထားဟ၊ အေး ဒီနေ့ ကျောင်းမှာ ဘာတွေသင်လဲ ဆိုတော့ကာ ………………’



## အခန်း(၁၃)

### Day 13 5:30 pm

‘မိလှဲ့ရေ … ငါ ရောက်ပြီဟ၊ နင့်ကို ပြောရဦးမယ်၊ ဒီနေ့ ကျောင်းမှာ ပါးရိုက်ပွဲ ကျင်းပတယ်ဟ၊ နင် သတိထားမိလားတော့ မသိဘူး၊ First MB က ဖြူဖြူချောချော တရုတ်မလေးဟာ … ဘာတဲ့ ကျင်စွမ်ဆိုလား မြူစွမ်ဆိုလားဟာ … အဲဒီ ကောင်မလေးကို Third MB က ကိုခိုင်ဝင်းကြီး ရည်းစားစကား သွားပြောတာ တရုတ်မလေးက ရှက်ပြီး ပါးဘယ်ပြန်ညာပြန်တီးတာ လေးခါတောင်ဟ၊ ဟိုလူ မျက်နှာကြီးကို ယောင်လို့ရယ်ထားပါတော့ဟာ၊ ငါ ဒီနေ့ နင့်ပြန်ပြောပြရမှာတွေက ………………’

‘အံ့ပါ့ကွာ၊ အရပ်ကလည်း ဒီမိမဆုံးမ ဖမဆုံးမကောင် သိုက်သမားကို ဒီအတိုင်း လွှတ်ထားရတယ်လို့’

‘ဟီ ဟီ’

‘ဘာရယ်တာလဲ ညည်းက’

‘ဘာမှ မဟုတ်ပါဘူး၊ ဒက်ဒီကလည်း’

‘အေး ညည်းလဲ ကြပ်ကြပ်သတိထား၊ နေလေးမှ စောင်းပြီလားဆို ဒီသိုက်သမားပဲ ထိုင် ထိုင်စောင့်နေ’



www.burmeseclassic.com

www.burmeseclassic.com



'ဒက်ဒီကလည်း သမီး ကျောင်းမှ မတက်ရတာ၊ ဒီလိုမှ လက်ချ စောင့်မလိုက်ရင် ဘယ်လိုလုပ်မလဲ'

'နေစမ်းပါဦး မိလဲ့ရည် … ညည်းနဲ့ အဲဒီအကောင်က ဘာလဲ'

'ဘာမှ မဟုတ်ပါဘူးဆို'

'မဟုတ်ဘူးသာ ဆိုတယ်၊ ဟိုကောင် ပေကပ်ကပ် ကြံ့စည်နေတာ များ တစ်နေ့မဟုတ်၊ နှစ်နေ့မဟုတ်၊ ငါ ပြောထားတယ်နော်၊ လင်နောက် လိုက်ပြေးလို့ကတော့ သေတဲ့အထိ ငါ့မျက်ခွက် လာမကြည့်နဲ့'

'စိတ်ချ ဒက်ဒီ၊ ကျောင်းမပြီးသေးဘဲနဲ့တော့ ဘယ်သူမှ မယူဘူး လိုက်ပြေးဖို့ဆိုတာ ဝေးလို့ ခိုးရာလိုက်တာ အင်မတန် အောက်ကျနောက်ကျ နိုင်တဲ့ ကိစ္စရယ်၊ သမီး သေတောင်မှလုပ်ဘူး'

'ဘာလဲ၊ ဒီကောင်နဲ့များ ငါက တစ်ချိန်ချိန်မှာ သဘောတူလာမယ် ထင်နေလား'

'ဒက်ဒီ သဘောတူနေရင်တောင်မှ သမီးဘက်က စဉ်းစားရဦးမှာ'

'ဘာပြောတယ်'

'ဟုတ်တယ် ဒက်ဒီရဲ့၊ နဂိုထဲက ပြောသားပဲ၊ သူနဲ့ သမီးနဲ့ ဘာမှ မဟုတ်ပါဘူးဆို၊ ဒက်ဒီမှ မယုံတာ၊ ဒက်ဒီ ကျောင်းပေးမတက်လိုက်တော့မှ'

'ဘာဖြစ်လဲ၊ ကျောင်းပေးမတက်တော့မှ ဘာဖြစ်သလဲ'

'ဘာမှ မဖြစ်ပါဘူး၊ သမီး ပိုဝလာတာပေါ့'



# အခန်း(၂၀)

## Day 14

## 9:30 am

'လာ မောင်အောင်ထွန်း၊ အန်ကယ် မျှော်နေတာ နှစ်ရက် သုံးရက် လောက်ရှိပြီကွယ့်'

'ဟုတ်ကဲ့၊ ကျွန်တော်လည်း အန်ကယ် အကြောင်းကြားကတည်းက ချက်ချင်းကို ထပြေးလာချင်တာ၊ လှေကိစ္စတွေက ဘယ်လိုမှ ဖြတ်မရတာ နဲ့ ကြာသွားတာ'

'ရပါတယ်ကွာ၊ အရေးဆို ရောက်လာတာကကိုပဲ ကျေးဇူးတင်ပါပြီ၊ လာ လာ မင်းကို သမီးနဲ့ မိတ်ဆက်ပေးရဦးမယ်၊ သမီးရေ …'

'ရှင် … ဒက်ဒီ'

'ဒါ ဒက်ဒီ့သူငယ်ချင်း မြင့်ဆောင်ရဲ့သား၊ သမီး အန်ကယ်မြင့်ဆောင် ကို သိတယ် မဟုတ်လား၊ ကမ်းနားလမ်းမှာ နေတာလေ၊ မြိတ်က'

'ဟုတ် သိပါတယ်'

'ဒါ သူ့သားပေါ့ကွ၊ တစ်ဦးတည်းသောသား မောင်အောင်ကျော်ထွန်း လို့ ခေါ်တယ်'

'ဟင် … လှေနာမည်ကြီး'



www.burmeseclassic.com

www.burmeseclassic.com



'ဟဲ ဟဲ …ဟုတ်တယ်ဗျ၊ အဖေက အဲဒီလေ့နဲ့ကစပြီး စီးပွားတက်ခဲ့လို့ ကျွန်တော့်ကို လေ့နာမည် ပေးထားတာ၊ ဟဲ ဟဲ … ရင်းနှီးတဲ့သူတွေကတော့ အောင်ထွန်းလို့ပဲ ခေါ်ပါတယ်၊ ဟဲ ဟဲ … ဒီက နာမည်ဘယ့်နှယ်များ ခေါ်သလဲ ဟဲ ဟဲ'

'သမီးနာမည်က လဲ့ရည်မိုးဆွေတဲ့ မောင်အောင်ထွန်းရဲ့'

'ဩော် ဟုတ်ကဲ့ခင်ဗျ၊ ဟဲ ဟဲ …တွေ့ရတာ ဝမ်းသာပါတယ်၊ ဟဲ ဟဲ ချောတယ်နော်'

'သမီးက သူ့အမေတူတာကွ၊ သူ့အမေ ငယ်ငယ်က အတိုင်းပဲ၊ ဒီမှာ သမီး'

'ဟုတ် ဒက်ဒီ'

'သူ့ကို ဒက်ဒီ အကူအညီ လှမ်းတောင်းလိုက်တာကွယ့်၊ ညည်းကျောင်းသွားရမယ့် ရက်တွေ၊ စာမေးပွဲဖြေမယ့်ရက်တွေမှာ မောင်အောင်ထွန်း လိုက်စောင့်ရှောက်လိမ့်မယ်၊ မင်းတို့ လူငယ်ချင်းဆိုတော့ အဆင်ပြေတာပေါ့'

'ရှင်'

## 11:00 am

'ဘယ်လိုလဲ ဝေဝေ၊ ငါပေးတဲ့ အကြံ OK ရဲ့လား'

'OK တယ် သူငယ်ချင်း၊ ဒီလို အကြံအစည်မျိုးထွက်တဲ့ မင်း ခေါင်းကြီးကို စစ်စည်း သုတ်ထားဖို့ ကောင်းတယ်'

'ရွှေချထားတယ် လုပ်စမ်းပါဟ'

'ဟ ရွှေမချခင် သစ်စေး အရင် သုတ်ရတယ်လေကွာ'

'ထားပါတော့'

'နေစမ်းပါဦး၊ စာမေးပွဲနီးမှ မင်းက ဘယ်ပျောက်သွားရတာတုံး'

'ငါတို့ ပုသိမ်က စက်ကိစ္စတစ်ခုရှိလို့ သွားတာပါဟ၊ နေဦး ဒီကြားထဲ မင်း မိလဲ့ကိစ္စ OK ရဲ့လား'

'OK လား သိချင်ရင် ညနေ မင်းပါ ငါနဲ့ လိုက်ခဲ့လေကွာ၊ ကံကောင်းရင် ထမင်းတောင် အလကားစားရမှာ'





'ကောင်းသားပဲ'

## 5:30 pm

'တိတ်ဆိတ်လို့ပါလား အန်တီ၊ ဘယ်ရောက်ကုန်ကြတုံး'

'မော်မော်တို့က ရုပ်ရှင်သွားကြည့်ကြတယ်၊ ခိုင်လေးတို့ သန္တာတို့က အိမ်ပြန်တယ်လေကွယ်၊ နက်ဖြန်ကစပြီး သုံးရက်ဆက် ပိတ်တာကိုး'

'ဩော် ဟုတ်သားပဲ၊ အန်တီသိတာ ဒါ ကျွန်တော့် သူငယ်ချင်း နိုင်ကြီးတဲ့'

'အေး အေး … လာထိုင် သား၊ နေဦး မင်းဝေရဲ့ မော်မော့်ရည်းစား ဟိုဘက်လမ်းက ကောင်လေး ဘယ်သူဆိုလား'

'စည်သူ့ကို ပြောတာလား အန်တီ'

'အေး အေး ဟုတ်တယ်၊ စည်သူ ခုနက လာပြောသွားတယ်၊ မင်း ယောက္ခမလောင်းကြီးက ရ အ ဖ သွားတိုင်တယ်ဆိုလား၊ မင်းကို အဲဒါ ရ အ ဖ က ကိုစိုးတို့က ကောင်းကောင်းမွန်မွန် ငြင်းလွှတ်လို့ အဘိုးကြီး ဒေါ်ပွပြီး ပြန်သွားသတဲ့'

'ဟဲ ဟဲ အန်တီ့ကိုပါ မုန်းတော့မယ်'

'မုန်း မုန်းပေါ့အေ၊ တကတည်း မဟုတ်တာလုပ်တာမှ မဟုတ်တာ မနက်ကတောင် ဈေးထဲမှာ ဟိုဘက်ခြံက ကိုကျော်ဝင်းမိန်းမနဲ့ တွေ့လို့တောင် အဲဒီ အဘိုးကြီးအကြောင်း ပြောသွားသေးတယ်'

'ဘာဖြစ်လို့လဲ အန်တီ'

'မင်း ယောက္ခထီးလောင်းကြီးက ကိုကျော်ဝင်းကို ခေါ်ပြီး ကိုကျော်ဝင်း ခြံထဲက သရက်ကိုင်း သူ့သမီး အခန်းဘက် ထိုးနေတာကို ခုတ်ခိုင်းသတဲ့၊ ပြီးတော့ ပြောသေး၊ လူတွေက စိတ်ချရတာ မဟုတ်ဘူးဆိုလား … အဲဒါ ကိုကျော်ဝင်းနဲ့ စကားများပြီး အခု စကားမပြောကြဘူးတဲ့၊ ဟင်း ဟင်း'

'ကျွန်တော် ကျော်ဝင်းမှာစိုးလို့ ဖြစ်မယ်'



www.burmeseclassic.com

www.burmeseclassic.com



'မသိပါဘူးအေ၊ ဒီအဘိုးကြီးဟာ ကတ်တတ်တတ်နဲ့ သူ့အိမ်သားတွေ အားလုံး သဘောကောင်းသလောက် … အေး အေး လုပ်စရာရှိတာလုပ်၊ အန့်တီ ဘုရားဝတ်ပြုလိုက်ဦးမယ်'

'အန့်တီ ပြီးအောင် ကျွန်တော်တို့ စောင့်နေမယ်လေ၊ လော်သံနဲ့ ဘုရားရှိခိုးတာ အနှောင့်အယှက် ဖြစ်နေဦးမယ်'

'ရတယ်၊ ရတယ်၊ ကိစ္စမရှိဘူး၊ မနက်ကတောင် သန္တာတို့ ပြောနေသေးတယ်၊ မီးကိစ္စ မင်းအော်တာ ရယ်လိုက်ရတာ ဆိုပြီးတော့ … ကဲ ကဲ … လုပ် လုပ် … ပြီးမှ ထမင်းစားကြတာပေါ့'

'ဟုတ်ကဲ့ အန့်တီ'

## 6:00 pm

'တယ်ဟုတ်ပါလား ငဝေ၊ မင်း စည်းရုံးရေး တယ်ကောင်းပါလား'

'မင်း သူငယ်ချင်းပဲကွ၊ ဘယ်ခေမလဲ၊ အခု ဒီရပ်ကွက် ငါ့ရပ်ကွက် လိုတောင် ဖြစ်နေပြီ၊ အန့်တီသီတာက ငါ့ အဒေါ်သူငယ်ချင်းကွ၊ အမယ် ဒီအဆောင်က ကောင်မလေးတွေလည်း ချောတယ်နော် ဟေ့ကောင် … တစ်ယောက်ကလွဲပြီး ကျန်တာ လွတ်လပ်သူချည်းပဲ'

'အေးအေး နေစမ်းပါရစေကွာ'

'အေးပါ၊ ငါ ကြည့်စမ်းမယ် မင်းကို'

'လုပ်မနေနဲ့ ငဝေ၊ မင်းအလုပ် မင်းလုပ်'

'အေး ဟုတ်တယ်၊ ဟဲလို အပှမ်း … မိလှဲ့ရေ ကြားလား၊ ငါတို့ ရောက်ပြီဟ၊ ဒီနေ့ နိုင်ကြီးပါ ပါလာတယ်၊ ဒီနေ့ ကျောင်းမှာ ဘာတွေ သင်သလဲ ဆိုတော့ကော ...............'

## 6:30 pm

'ဘာတွေ လော်နဲ့ အော်နေတာလဲ အန့်ကယ်မိုး'

'အဲဒါ မင်းကို ပြောမလို့ကွ၊ အဲဒီကောင်က မင်းညီမကို ကြံနေတဲ့





သိုက်တူးသမား၊ ငါက မင်းနုမကို ကျောင်းပေးမတက်ရတာလဲ အဲဒီကောင်ကြောင့်၊ ဒါတောင် ဒီကောင်က ကျောင်းစာ အကြောင်းပြုပြီး အရပ်နဲ့ပေါင်းလို့ နေ့တိုင်း လော်နဲ့ လာ လာအော်နေသေးတယ်၊ တကယ့် အကြံသမား၊ သိုက်သမား'

'ဒက်ဒီကလည်း … သူတို့က ဒက်ဒီ့ထက်တောင် ချမ်းသာပါသေးတယ်ဆို'

'မိလှဲ့ရှည် … ညည်း စားစရာရှိတာ စားစမ်း၊ လူကြီးစကား ဖြတ်ဖြတ် မငြင်းနဲ့'

'ဟုတ်တာ ပြောတာပဲဟာကို'

'အန့်ကယ်မိုးက ဒီကောင် ဒီလိုလာလုပ်နေတာ ရအဖ မကိုင်ဘူးလား'

'ဒီကောင်က ငါ့အရင် ရအဖနဲ့ ခွင့်တောင်းထားတာကွ၊ အရပ်ကရော ရအဖပါ ဒီကောင့်ဘက် ပါနေတာ၊ အင်မတန် ကောက်ကျစ်တဲ့အကောင်'

'ပါမှာပေါ့၊ သူက မဟုတ်တာ လုပ်နေတာမှ မဟုတ်ဘဲ'

'မိလှဲ့ရှည် … ပါးစပ်ပိတ်ထားစမ်း'

'စိတ်မပူပါနဲ့ အန့်ကယ်မိုး … မနက်ဖြန် ကျွန်တော့် တပည့်တွေနဲ့ သွားရှင်းခိုင်းလိုက်ပါ့မယ်'

'ကိုအောင်ကျော်ထွန်း … ဒီကိစ္စ ရှင်နဲ့ ဘာဆိုင်လို့လဲ'

'ဟဲ ဟဲ … လှဲ့ရှည်ကလည်း သူစိမ်းဆန်တာကိုး၊ ဟဲ ဟဲ … ဒီကိစ္စကြောင့်ပဲ အန့်ကယ်က ကိုယ့်ကို အကူအညီ တောင်းထားတာလေ၊ ဟဲ ဟဲ … စိတ်ချ လှဲ့ရှည်ကို ကိုယ်စောင့်ရှောက်မယ် ဟဲ ဟဲ'

'မလိုပါဘူး'

'ခြေလှမ်းလက်လှမ်းတော့ မဖြစ်စေနဲ့နော် မောင်အောင်ထွန်း'

'စိတ်ချပါ အန့်ကယ်၊ ဒီကောင်လေးတွေ မြို့သား လူပျော့တွေပါ၊ ကျွန်တော်တို့လို လေ့သမား လူကြမ်းတွေကို မော်တောင်ကြည့်ရဲမှာ မဟုတ်ဘူး၊ ဟဲ ဟဲ လှဲ့ရှည် ဘာမှမပူနဲ့၊ ဟဲ ဟဲ … ကိုယ်ရှင်းလိုက်မယ်'

'တဟဲဟဲနဲ့ ရုပ်ကိုက သူငယ်နာ မစင်တဲ့ရုပ်'

'မိလှဲ့ရှည် … နင့်ပါးစပ်ပိတ်ထားပြီး စားစရာရှိတဲ့ထမင်းကို စားစမ်း'



www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၂၁)

## Day 15 5:00 pm

'အဟမ်း အဟမ်း မိလှဲရေ … ငါ ရောက်ပြီဟ၊ ဒီနေ့ နည်းနည်းနောက်ကျသွားတယ်၊ နင် အဆင်သင့် မဖြစ်သေးရင် ကိစ္စမရှိဘူး၊ ငါ ခဏစောင့်နေမယ်၊ နိုင်ကြီးလည်း ပါတယ်ဟ၊ နောက် ဆယ့်ငါးမိနစ်လောက်နေမှ လက်ချောတွေ ငါ စအော်မယ်၊ ဪ နေဦး … ဒီနေ့ ကျောင်းပိတ်ပေမဲ့ ငါ နင့်နားထိုင်နေတဲ့ ကောင်မလေးတွေကို သွားမေးပြီး နင့်မှာ မရှိသေးဘူးဆင်တဲ့ လက်ချာဟောင်းတွေ အော်မှာနော် ဒီနေ့၊ နင့်မှာ ရှိပြီးသားဆိုလည်း ကိစ္စမရှိဘူး၊ နေဦးဟ၊ မနက်ဖြန်မှာ နင် ပရယ်တီကယ် ရှိတယ်နော်၊ တစ်နာရီစမှာ၊ လာလို့ ရရင်လည်း လာလိုက်ပေါ့ဟာ၊ ခဏနေမှ ငါ ပြန်အော်မယ်၊ ကြားလား'

'ဟေ့ကောင်'

'……….'

'ဟေ့ကောင် … မင်းကို ပြောနေတာ၊ သွေ့ရှိရင် ခြံပြင် ခဏထွက်ခဲ့စမ်းပါ'

'ဘယ်ကကောင်တွေလဲ ဝေဝေ၊ ဗလိုင်းချည်းဟ'

'ငါလည်း မသိဘူး နိုင်ကြီး၊ တစ်ခါမှ မမြင်ဖူးဘူး'

'ဟေ့ကောင် ဘာကြည့်နေတာလဲ၊ သွေးရှိရင်ထွက်ခဲ့လေကွာ၊ ဒီကောင်



www.burmeseclassic.com

www.burmeseclassic.com



ပါးစပ်သရမ်းနေတဲ့ကောင် ပါးစပ်ပိတ်သွားအောင်ကို လုပ်ရမယ်'

'လူဝါးဝလို့ကွာ၊ လာပြီ ဟော့ကောင်တွေ'

'နေဦး နိုင်ကြီး ... ဒေါသမကြီးနဲ့၊ ဘယ်က လူတွေမှန်း မသိဘူး ခဏကြည့်ဦး'

'စော်စော်ကားကားကွာ၊ ဒီရပ်ကွက်ထဲကလား'

'ငါတော့ မမြင်ဖူးဘူး၊ ကြည့်ရတာ အဘိုးကြီး အကြံထင်တယ်၊ ဖြ ပြင် မထွက်လိုက်နဲ့ကွ၊ ဒီကောင်တွေ အထဲဝင်လာမှ လုပ်မယ်၊ အန်တီသီတာ တို့အနေနဲ့ ပိုင်နက်ကျော်နင်းမှုစွဲလို့ ရပြီ၊ နောက်ပြီး ဒါမိန်းကလေးဘော်ဒ ခြံကွ၊ ဒီကောင်တွေ ကျိုင်းလိမ့်မယ်၊ မင်းကြည့်နေ'

'ဟော့ကောင်၊ လာလေကွာ၊ ဘာလဲ ကြောက်တာလား၊ ငါတို့ ဝင်လာ ရမလား'

'ဘာဖြစ်တာလဲ သား'

'ဘာဖြစ်တာလဲ ကိုမင်းဝေ၊ ဘယ်က လူတွေလဲ'

'မသိဘူး အန်တီ၊ မသိဘူးဟ သန္တာရဲ့၊ အလကား လာရန်စနေတာ နိုင်ကြီး မလုပ်ပါနဲ့ဆို'

'ခဲနဲ့ ထုမလို့ကွ'

'မလုပ်နဲ့၊ ခဏနေဦးလို့ ငါပြောတယ်၊ သန္တာ ... နိုင်ကြီးကို ဆွဲထား ဟာ၊ ငါ သွားမေးစမ်းမယ်'

'ဟဲ့သား ... လက်ထဲမှာ တုတ်နဲ့နော်၊ မူးလည်း မူးနေတဲ့ပုံပဲ၊ အရဲ မကိုးနဲ့'

'ရတယ်၊ ကျွန်တော် ခြံဝကပဲ မေးမှာ'

'အေး အဲဒါမှ ကြိုက်တာ၊ ဟော့ကောင် လာစမ်းပါ၊ ထွက်ခဲ့စမ်းပါ'

'ခင်ဗျားတို့ ဘာလာလုပ်တာလဲ'

'နေတိုင်း နားငြီးအောင် လာ လာလုပ်မနေနဲ့၊ မင်းကို အရပ်ကိုယ်စား ဆုံးမမလို့ကွ'

'ခင်ဗျားတို့ကို ဘယ်သူက ဆုံးမခိုင်းလို့လဲ'

'လျှာရှည်မနေနဲ့၊ လာပါ၊ သတ္တိရှိရင် တံခါးဖွင့် ထွက်ခဲ့စမ်းပါ'

'နေစမ်းပါဦး ... ရပ်ကွက်ကိုယ်စား ဆုံးမရအောင် ဒီရပ်ကွက်ထဲ





မှာ ခင်ဗျားတို့ကို တစ်ခါမှ မမြင်ဖူးပါဘူး'

'ဟာ ... ကြာတယ်ကွာ'

'ဟဲ့ ဟဲ့'

'အမလေး'

'ငဝေ နောက်ဆုတ်'

'ဂျိုင်း'

'နိုင်ကြီး မလာနဲ့၊ ငါ ဘာမှမဖြစ်ဘူး၊ ဟော့ လူတွေ ...ခင်ဗျားတို့ လွန်ပြီနော်၊ ဒါ လူကြီးလူကောင်းတွေနေတဲ့ ရပ်ကွက်၊ လာအောက်တန်း ကျနဲ့'

'ဟော့ကောင် အထဲမဝင်နဲ့၊ တေတ် ... ဖိုးရွှေကို ဆွဲစမ်း၊ အထဲမဝင် နဲ့လို့ မှာထားတာကွ၊ ငါ..တဲ့မှပဲ'

'သန္တာနဲ့ မော်မော် ... နိုင်ကြီးကို ဆွဲထား၊ ငါ ဘာမှမဖြစ်ဘူး၊ ဒီ ကောင့်ကိုသာ ငါ့နားမလာစေနဲ့၊ ဒီမှာ ဟော့လူတွေ ... ခင်ဗျားတို့ အေး အေးဆေးဆေး ပြန်နော်၊ ဒီကိစ္စ ခင်ဗျားတို့နဲ့ ဘာမှမဆိုင်ဘူး'

'ကိုဝေ ဘာဖြစ်တာလဲ'

'ဘာမှမဟုတ်ဘူး စည်သူ ... ဘာမှမဖြစ်ဘူး၊ မင်းတို့ ဝင်မပါနဲ့'

'ဘာလဲ ဟော့ကောင်တွေ ... လူမိုက်လား မင်းတို့က'

'စည်သူ နင်သွား ... ကျော်ထွဋ်၊ ဖိုးဇော် စည်သူ့ကို ခေါ်သွားတော့'

'နေဦး မော်မော် ... ဟော့လူတွေ'

'စည်သူ ...အစ်ကိုပြောမယ်၊ ကိုစိုးတို့ကို သွားခေါ်လိုက်၊ ဝင်မပါနဲ့၊ ဖိုးဇော် ... စည်သူကို ခေါ်သွား'

'လာလေကွာ၊ ဘာဖြစ်ချင်လို့လဲ'

'လာ လာ စည်သူ ... ကိုဝေပြောတာ ဟုတ်တယ်၊ ကိုစိုးတို့ဆီသွား မယ် လာ'

'ကြိုက်တဲ့ကောင် ခေါ်လာခဲ့၊ ငသိန်းတဲ့ကွ၊ မှတ်ထား ... ဟိုကောင် ထွက်ခဲ့လေကွာ'



www.burmeseclassic.com

www.burmeseclassic.com



'ဘာဖြစ်နေတာလဲ ခင်ဗျားတို့'

'မင်းက ဘာလဲ … ဆရာကြီးလား၊ ဝင်မရှုပ်နဲ့ ကိုယ့်လမ်းကိုယ်သွား'

'မိုက်ရိုင်းလှချည်လား၊ မင်း ဘယ်ကကောင်လဲ'

'မင်းအလုပ်လား၊ ကြာတယ် ဖိုးရွှေ … ရိုက်ကွာ'

'ကိုရှည်ကြီး မလုပ်နဲ့'

'ဖြောင်း ဖြောင်း'

'မင်းဝေ ချုပ်ထားစမ်း အဲဒီကောင်၊ စည်သူ ကျော်ထွဋ် တော်တော့'

'ဖြောင်း'

'ဘယ်ကကောင်လဲ မင်း … ဟင်'

'ဖြောင်း'

'အား'

'အစ်ကို တော်တော့'

'လာစမ်း ရဲကို မင်းက ဘာမှတ်နေလဲ'

'ဖြောင်း ဖြောင်း'

'ငါ့ညီတွေ ဆွဲခဲ့စမ်းကွာ၊ ဒီကောင်တွေ၊ စခန်းရောက်မှ စစ်မယ် မင်းက ရှန်းချင်သေးလားကွ ဟေ'

'ဖြောင်း ဖြောင်း'

'ဆရာကြီးအေးကို … ဟိုကောင့်ဘေး ကျနေတဲ့ တုတ်ပါကောက်ခဲ့ဗျာ၊ အဲဒါ သက်သေခံပဲ'

'ဟုတ်ကဲ့ ဆရာ'

'အစ်ကို မလုပ်ပါနဲ့တော့ဗျာ'

'မင်းမသိပါဘူး မင်းဝေရာ၊ ငါ့ညီ မင်းအစ်မသီတာဦးကို ခဏခေါ်ပြီး စခန်းလိုက်ခဲ့ဦးကွာ၊ ဟိုညီလေးကို ခေါ်လာခဲ့၊ သက်သေခံရအောင်'

'ဟုတ်ကဲ့ အစ်ကို'



# အခန်း(၂၂)

## Day 16 10:00 pm

'တစ်သက်လုံး နေလာတာ အကောင်း၊ ဒက်ဒီ့လူ ရောက်လာမှ ဘာစ်ရက်ပဲ ရှိသေးတယ်၊ ရုံးရောက် ဂါတ်ရောက် အရပ်ကငြိုငြင်နဲ့ ရှက်ရော ကောင်းတယ်၊ တကယ်ပဲ'

'လျှာမရှည်နဲ့ မိလဲ့ရည်၊ နင်သိထားဖို့က နင့်ကျောင်းစာကိစ္စပဲ ခေါင်းထဲထည့်ထား၊ ကျန်တာ နင့်အရာ မဟုတ်ဘူး'

'အဲလိုနေလို့ မရဘူး ဒက်ဒီရဲ့၊ ဒက်ဒီ့လူက ကျောင်းကို လိုက်လာဦးမှာဆို၊ ဒီလို အောက်တန်းစားနဲ့ ကျောင်းမှာ ပြဿနာ မဖြစ်ပါဘူးလို့ ဒက်ဒီ အာမခံနိုင်လား'

'အောင်ထွန်းက အောက်တန်းစားလား၊ နင့်အကောင်က အောက်တန်းစားလား၊ မနေ့က ဘယ်သူ့ကြောင့်ဖြစ်တဲ့ ပြဿနာလဲ'

'ဒက်ဒီဟာ အလကား သက်သက် အတင်း မျက်စိမှိတ်ပြီးတော့ လူတစ်ယောက်ကို အတင်း အထင်လွဲနေတာပဲ၊ လူတိုင်း သိတယ်၊ အရှင်းကြီး၊ မနေ့က ပြဿနာက ဒက်ဒီ့လူတွေကြောင့် ဖြစ်တာ၊ ပြီးတော့ ဖြစ်ရာလည်း ရပ်ကွက်နဲ့ဖြစ်ပြီး နယ်မြေနယ်ထိန်းရဲကို ရိုက်တဲ့အမှု …'

'ဘာလဲ၊ ဟိုကောင့်ဘက်က နင် ကာကွယ်နေလား၊ ဘာမှ ဆင်ခြင် ဘက်မနေနဲ့၊ နင့်ကို ကျောင်းတစ်ခါတလေ ပြန်ပေးသွားတာ၊ စာမေးပွဲပေး



www.burmeseclassic.com

www.burmeseclassic.com



ဖြေတာ အောင်ထွန်းရှိလို့ နှင် အခွင့်အရေး ရတယ်မှတ်’

‘တော်ပြီ၊ ဒက်ဒီနဲ့ ဘာမှ ဆက်မငြင်းတော့ဘူး၊ တစ်ခုတော့ ရှိတ နော် ဒက်ဒီ၊ ရဲစခန်းလည်း သွားကြည့်ဦး၊ ဟိုလူတွေက ပေါ်ကြောင်ကြေ နဲ့ ဒက်ဒီခိုင်းလို့ လုပ်ရတာပါဆို ဒက်ဒီပါ အမှုထဲပါမယ်မှတ်’

‘ဘာဆိုင်လဲ၊ ငါမှ မခိုင်းတာ၊ ဟိုကောင်တွေကလည်း ပြောမှာမဟု ဘူး၊ ဆွဲထည့်ခြင်းထည့်ရင် နှင့်ဟိုအကောင် သိုက်သမားသာ ငါ့ မကော ကြံချင် ကြံမှာ’

‘သမီးကတော့ သမီးလာမေးရင် အမှန်အတိုင်း ပြောလိုက်မှာပဲ၊ အ နေ့က လှေနာမည်နဲ့ ဟိုလူကို ဒက်ဒီက ထမင်းစားနေကြရင်းက မှာတ လို့၊ ခြေလွန်လက်လွန် မဖြစ်စေနဲ့လို့ ပြောနေတာ ကြားတယ်လို့ ဟီ ဖ

‘တော် တော် မိလှဲ့ရှည် ... ဘာလဲ ညည်းက အဖေတစ်ယောက်လုံ ကို ထောင်ထဲထည့်မယ့် သဘောလား၊ တော်တော်ကောင်းတဲ့ သမီး ... ဘယ့်နှယ်ကွာ’

‘ဟားဟား ဒက်ဒီကလည်း ... အလကားစတာပါ၊ နေဦး ... ဖ လှေနာမည်နဲ့ လူက ဘယ်လောက်ကြာကြာ နေ နေဦးမှာလဲ’

‘နှင့်စာမေးပွဲ ပြီးတဲ့အထိ၊ နှင် ကျောင်းပိတ်လို့ မြိတ်ကို ငါနဲ့ လို ပြန်တဲ့အထိ နေမှာ’

‘သြော် မေ့နေတာ၊ ကြည့်စမ်း ဒက်ဒီ့ကို မပြောရသေးဘူး၊ ငေ ပြောတယ်၊ ကျောင်းပိတ်ရင် သူ မြိတ်ဘက် သွားလည်မယ် ဆိုလား’

‘နှင်က ဘယ်လိုသိသလဲ’

‘ဟိုနေ့က လော်နဲ့ အော်သွားတာ’

‘တော်စမ်း ဒီလော်ကိစ္စ ငါမကြားချင်ဘူး၊ ဒီမှာ မိလှဲ့ရှည် ... အ သိုက်သမား မြိတ်လာရင် နှင်နဲ့ငါနဲ့ မြစ်ကြီးနား တက်မယ်၊ အေး ဆ လိုက်လာသေးရင် ဇဝရက်တောင်ထိပ် ဟက်ရှောင်နေမယ် မှတ်’

‘ဟီ ဟီ’

‘ဘာလဲ၊ လူကြီးကို လှောင်တာလား၊ နှင့်အကောင် နှင် တော်တေ အထင်ကြီးနေတယ်ပေါ့လေ’

‘အစကတော့ ဘာမှ အထင်မကြီးဘူး၊ အခုတလော ဒက်ဒီက န





အကောင် နှင့်အကောင်နဲ့ ပြော ပြောနေလွန်းလို့ ငါ့အကောင်သာ ဆိုရင် ဘာအထင်ကြီးစရာများ ရှိပါလိမ့်လို့ တွေးတော့ တွေးစပြုနေပြီ’

‘တိတ်စမ်း နှင်’



www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၂၃)

## Day 17 1:30 pm

'ငဝေ၊ မိလ့်ဲနဲ့ ပါလာတဲ့ စပ်ဖြဲဖြဲနဲ့ကောင်က ဟိုတစ်နေ့က ဟိုလူသုံးယောက်ကို လွှတ်လိုက်တဲ့ ငနဲ မဟုတ်လား'

'အေး ဟုတ်တယ်၊ အောင်ကျော်ထွန်းဆိုတဲ့ ငနဲ၊ မြိတ်က မိလ့်ဲအဘိုးကြီး သူငယ်ချင်းရဲ့သား'

'ဟ သိလှချည်လား၊ ဘာလဲ ဗီဒီယိုထဲကလို လူကြီးချင်း သဘောတူထားတာလား'

'အေး ဟုတ်တယ်'

'ဟင် မင်း စိတ်မပူဘူးလား'

'မပူပါဘူး'

'ဟ ဘယ်လိုကောင်လဲ'

'ဘယ်လိုကောင်မှ မဟုတ်ဘူး၊ ရော့ ဒီမှာ မင်းသိချင်တာ အကြောင်းပေါင်းစုံ ဒီအထဲမှာ ပါတယ်၊ ဖတ်ကြည့်'

'ဘာလဲဟ ဒါကြီးက'

'မိလ့်ဲ ထားသွားတာလေ၊ သူ နေ့တိုင်းရေးထားတဲ့ ဒိုင်ယာရီ၊ တစ်နေ့နေ့ ငါတို့နဲ့တွေ့မှာ သေချာလို့ အကြောင်းစုံ ရေးထားတာ၊ အခုအချိန်ထိ ဘာမှ စိတ်ပူစရာ မရှိဘူး'



www.burmeseclassic.com

www.burmeseclassic.com



'ပြစမ်း'

'ရော့၊ ငါ့အတွက် အားတက်စရာတောင် ပါသေး'

'ဘာလဲဟ'

'ပြဿနာတက်တဲ့နေ့က ရေးထားတဲ့ အထဲမှာ ငါ့ရည်းစားစကား အပြော မခံရတာကြာလို့ ပျင်းစရာတောင်ကောင်းတယ် ဆိုတာပါ ပါတယ်'

'ဒါများ … ဘာ အားတက်စရာရှိလဲ'

'မင်းမသိပါဘူး နိုင်ကြီးရာ၊ အဲဒါ နောက်တစ်ခါ ရည်းစားစကားပြော ရင် လက်ခံတော့မယ်ဆိုတဲ့ သဘောဟ'

'တယ် သေချာပါလား'

'သြော် ငါ ပြောပါတယ်၊ သူမျက်လုံးကို ငါ ဖတ်တတ်ပါတယ်ဆို၊ နှစ်ပေါင်းများစွာ ပိုးလာတာကွ၊ မင်းကလည်း'

'အေးပါ ထားပါတော့၊ နေဦး … ဒီလောက် စာအုပ်အထူကြီး မင်း ကို မိလဲ့ကပေးတာ ဟိုင်နေ့က မတားဘူးလား'

'မိလဲ့ ငါ့ကို ရော့ဆိုပြီး လာပေးမှ ဖြစ်ရောလားကွာ၊ ငါတို့ခွင် ငါ တို့ကျောင်းထဲမှာ သူနဲ့ငါ့ကြား သင်္ကေတတွေ နေရာတွေ အမှတ်အသား တွေ အများကြီး'

'ဒါလည်း ဟုတ်သား၊ ငပေ မိလဲ့က မင်းကို ကြည့်တောင် လုံးဝမ ကြည့်ဘူး'

'ဘာကြည့်စရာလိုလဲ သူငယ်ချင်းရယ်၊ နောက် တစ်သက်လုံး ပေါင်း ရမယ့်ဟာ'

'ငါ့နယ်ကွာ … မေးမိတာပဲ ငါ့ပါး ငါချရမယ်'



## အခန်း(၂၄)

### Day 18

'ဒီလူ ကြည့်ရတာ သိပ်မဟုတ်သေးဘူးနော် ငပေ … ရုပ်က အစ ကြောင်ကြောင်နဲ့ ဦးနှောက်ကလည်း သိပ်ရှိပုံ မရဘူး၊ မိလဲ့ကို ကြည့် ကြည့်နေပုံက သွားရည် တမြားမြားနဲ့၊ အတင်းကြံတာတွေ ဘာတွေ ဖြစ် နိုင်တယ်နော်'

'လောလောဆယ်တော့ ပြဿနာ မရှိသေးဘူး၊ မင်းပြောတာ ဟုတ် တော့ ဟုတ်တယ်၊ သတိတော့ ပေးဦးမှ'

'တစ်အိမ်ထဲ နေ နေတာနော် ဟေ့ကောင်'

'သူ့အဖေကြီးက ငါတို့တွေထက် သူ့သမီးသူ အများကြီး ပိုဥစ္စာခြောက် ပါတယ်ကွာ၊ သဘောတူထားပေမဲ့ မင်္ဂလာမဆောင်ခင် ပေါက်ကရအဖြစ် မခံပါဘူး၊ အခု အဘိုးကြီးက မိလဲ့ကို သူ့အခန်းထဲ ခေါ် ခေါ်သိပ်တာကွ၊ သူ့သမီးနားမှာပဲ သူနေ နေတာ၊ ဟိုကောင် ကြံဖို့မပြောနဲ့၊ ရည်းစားစကား တောင် ပြောဖို့မလွယ်ဘူး၊ ဒါကြောင့် ဟိုငနဲ မျက်လုံးနဲ့ပဲ ပြစ်မှားနေတာ'

'မင်း အူမတိုဘူးလား'

'အူတိုတာ သဘောထားသေးတဲ့ လူတွေရဲ့ စိတ်ရောဂါတစ်မျိုးပါကွာ၊ မျက်စိနဲ့ကြည့်တာ ဘာ ပဲ့ပါသွားမှာမို့လို့လဲ၊ နောက် မိလဲ့ကိုလည်း ငါ စိတ်ချတယ်'



www.burmeseclassic.com

www.burmeseclassic.com



'အေးလေ ပြီးတာပဲ၊ ငဝေ မိလှဲ့ ပရယ်တီကယ် ပြီးပြီထင်တယ်၊ ပြန်တော့မလား မသိဘူး၊ ဟိုမှာ ဟိုအကောင်နဲ့ လာနေတယ်'

'အေး ခဏနေဦး နိုင်ကြီး၊ သူတို့နောက်မှာ အောင်ထွန်းကွ၊ ငါ ဟိုလူကို နည်းနည်း ကွိုင်ရှာလိုက်ဦးမယ်၊ အောင်ထွန်း ဟော့ကောင် အောင်ထွန်း … ငပေါ ငကြောင် အရူးအောင်ထွန်း … လူယုတ်မာအောင်ထွန်း'

'ဟော့ကောင် … မင်း ရိုင်းလှချည်လား'

'ဘာလဲဗျ၊ ဘာဖြစ်တာလဲ ခင်ဗျားက'

'မင်း ငါ့ကို ဘာကိစ္စ အော်ကြီးဟစ်ကျယ် ဆော်ကားရတာလဲ၊ ကျောင်းထဲမှာမို့လို့နော် ဟော့ကောင်'

'ဘာမှ မဆော်ကားဘူး၊ ခင်ဗျားကို ကျွန်တော် မြင်တောင်မမြင်ဘူး'

'မလိမ်နဲ့ ဟော့ကောင် … ဒါဆို ဘာကိစ္စ ငါ့နာမည်ခေါ်ပြီး ပေါက်ကရတွေ အော်လဲ'

'ဘယ်သူမှ ခင်ဗျားကို အဖက်လုပ်ပြီး ခေါ်မနေဘူး၊ ခင်ဗျား နောက်က ဟိုတရုတ်ကောင်ကိုခေါ်တာ၊ အဲဒီကောင် ကျွန်တော့်သူငယ်ချင်း၊ သူ့နာမည် အောင်ထွန်း၊ ခွေးကောင်အောင်ထွန်း သူခိုးဂျပိုးအောင်ထွန်း'

'ဟိုက်'

'ဘာလဲ၊ ဂန်ဒူး ဂျီပုန်း ကစော်သမားငဝေ … ဘာကိစ္စ ငါ့အကျယ်ကြီး ဟုတ်တာတွေ လျှောက်အော်နေလဲ ဟဲ ဟဲ၊ သြော် အေး …လှဲ့ရည် ကျောင်းပြန်တက်ပြီလား၊ နေကောင်းသွားပလား'

'ဟီ ဟိ … အေး ပရက်တီကယ် လာလုပ်တာဟ၊ အခု ပြန်တော့မလို့ သွားပြီ၊ တာ့တာ'

'အေး အေး ကဲပြော ငဝေ … ဘာခေါ်လုပ်တာလဲ ငါ့ကို၊ ဟိုလူက ဘာကိစ္စ ရှုံးရှုံးရှဲ့ရှဲ့ ဖြစ်သွားတာလဲ'

'သူ့နာမည် အောင်ကျော်ထွန်းကွ၊ အားလုံးက အောင်ထွန်းလို့ခေါ်တာ၊ မင်းနာမည်နဲ့ အတူတူပဲ'

'ပေါက်ပြီ၊ ညနေ ဘီယာတိုက်ရင် ငါ့နာမည်ကို အကျယ်ကြီး ထင်ရာခေါ်ကွာ ဟား ဟား'

'အေး ခေါ်တယ်၊ လာ လာ သူတို့နောက် လိုက်ကြစို့'





'အေး'

'ခွေးအောင်ထွန်း၊ နွားအောင်ထွန်း၊ တိရစ္ဆာန်အောင်ထွန်း၊ ကစော်သမား ဖဲသမား သူတောင်းစားအောင်ထွန်း၊ ပလက်ဖောင်း ခေါင်းအုံးအောင်ထွန်း၊ အပေအတေ ဂျလေဘီအောင်ထွန်း၊ ကြာကူလီအောင်ထွန်း'

'ဟေလကွာ ကောင်ကြီးရာ …ငါ ထူးသကွာ၊ အောင်ထွန်း ထူးသကွာ'

'ထူးရင် ငါလည်း ခေါ်သကွာ၊ အယုတ်တမာ အောင်ထွန်း၊ ငပေါ ငကြောင် အောင်ထွန်း တဏှာရူး အောင်ထွန်း၊ နှာဘူး အောင်ထွန်း'

'တောက်'

'ဟား ဟား ဟား ဟား'

'ဟီ ဟိ'

'ခေါ်လိုက်စမ်းပါဦး သူငယ်ချင်းရေ ဘာတဲ့'

'ယစ်ထုပ်အောင်ထွန်း ပရစ်စုတ်အောင်ထွန်း 'အတ္တာ' 'ဟိုဒင်း' အောင်ထွန်းရေ'

'ဟေ'



www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၂၅)

## Day 19

'လာသာလာရတယ်၊ အန်တီတို့ ကြိုက်ပါ့မလားလို့ စိုးရိမ်နေတာ၊ ဟိုနေ့က ပြဿနာ ဖြစ်သွားတော့ ဘာပြောပြော မကောင်းတော့ မကောင်းဘူး မဟုတ်လား အန်တီ'

'အမလေး သားရယ်၊ ဘာမှမဖြစ်ဘူး အန်တီတို့က၊ သား နှစ်ရက်လောက်မလာလို့ မနေ့ညကတောင် သန္တာတို့နဲ့ ပြောဖြစ်သေးတယ်၊ ဘာများဖြစ်ကုန်ကြသလဲလို့ စိတ်တောင်ပူနေတာ'

'ဘာမှမဖြစ်ပါဘူး အန်တီ၊ ဟိုလူလည်း ဟိုတစ်နေ့ကလိုဟာမျိုး နောက်မလုပ်ရဲတော့ပါဘူး၊ တော်တော် ရှင်းလိုက်ရတာ အန်တီလည်း အသိဥစ္စာ၊ ကျွန်တော်က အန်တီ့ကို အားနာနေတာ၊ ကျွန်တော့်ကြောင့် ရုံးရောက်ဂါတ်ရောက်'

'ဘယ်ဟုတ်မလဲကွယ် ရုံးဂါတ်ဆိုတာ ကိစ္စရှိရင် ရောက်ရတာမျိုးပဲ ဥစ္စာ'

'မောင်ရင် ... ဟော့ မောင်ရင်'

'ဗျာ၊ ဟာ ... အန်ကယ်ကျော်ဝင်း၊ နေကောင်းလား အန်ကယ်၊ အန်ကယ့် ခြံဘက်တောင် မရောက်တာ ကြာပြီ'

'အေးကွ၊ နေဦး ဟိုနေ့က ဘာဖြစ်တာလဲ'



www.burmeseclassic.com

www.burmeseclassic.com



'ဘာမှ မဟုတ်ပါဘူး၊ အန်ကယ်၊ အမူးသမား သုံးယောက် သက်သက် ပြဿနာ လာရှာတာပါ၊ နယ်ထိန်း ကိုရှည်ကြီး အဲ ... ကိုလှဦးတို့နဲ့ တည့်တည့်တိုးပြီး အဖမ်းခံသွားရတာပါ'

'ဘာကိစ္စ ပြဿနာ လာရှာတာလဲ'

'တခြား မဟုတ်ပါဘူး အန်ကယ်၊ ကျွန်တော် လော်နဲ့အော် အော်နေတဲ့ကိစ္စပါ'

'ဟို အဘိုးကြီး စနက်လား'

'မဟုတ်ဘူး အန်ကယ်၊ သူတို့အိမ် ခဏ လာတည်းနေတဲ့ လူက အဘိုးကြီး ကျွန်တော့်ကို ကြည့်မရမှန်း သိလို့ မျက်နှာလိုအားရ လုပ်တာပါ'

'ဘာလဲ ဟိုမည်းမည်းနဲ့ ရှူးကြောင်ကြောင်ကောင်လား'

'ဟုတ်တယ် အန်ကယ်'

'ဘာပဲဖြစ်ဖြစ်ကွာ၊ မသီတာတို့ ခြံရှေ့ဆိုတော့ မကောင်းတော့ မကောင်းဘူးပေါ့၊ မိန်းကလေးတွေနေတဲ့ ခြံရှေ့ ဝရုန်းသုန်းကား ဖြစ်တော့ မသိတဲ့လူတွေက တစ်မျိုး ထင်နိုင်တယ်ကွ၊ မောင်ရင် ဒီလိုလုပ်ပါလား'

'ဟုတ်ကဲ့ ပြောပါ ခင်ဗျာ'

'ဒီနေ့ အန်ကယ့်ခြံဘက်ကနေ ပြောစရာ ရှိတာ ပြောပေါ့ကွာ၊ ပြောပြီး သုံးလေးပွဲလောက် ကစားရအောင်၊ အန်ကယ်လည်း ပျင်းနေတာနဲ့ မင်းကို မျှော်နေတာ'

'ကောင်းသားပဲ အန်ကယ်၊ အန့်တီသီတာ ဒီနေ့တော့ ဟိုဘက်ခြံကပဲ သွားအော်လိုက်တော့မယ်'

'သဘောပါတော်၊ အန့်တီတို့ကတော့ ဘာကိစ္စမှမရှိဘူး၊ မင်း သဘောပဲ၊ မင်းမလည်း ဒီကောင်မလေးကို တော်တော် သံယောဇဉ် ကြီးရှာတာ ခက်တော့ခက်သား'

'ဒါကတော့ အန့်တီရယ် ... ဟဲ ဟဲ'

'အဟမ်း မိလှဲ့ရေ ... ငါ ရောက်ပြီဟ၊ နင် စာရောကျက်လို့ ရရဲ့လား၊ တဖြည်းဖြည်းနဲ့ နီးလာပြီဟ၊ ဒီနေ့တော့ ငါလိုတာလောက်ပဲ ပြောတော့မယ်၊ သြော် နေဦး ဒီနေ့ ဆရာစိုးက ငါ့တစ်ခုပြောတယ်၊ အဲဒီစကား





လေး ကောင်းလို့ နင့်ပြန်ပြောရဦးမယ်၊ လူဆိုတာ အပြင်ရန်ထက် အတွင်းရန်ကို ပိုသတိထားတတ်ရတယ်တဲ့၊ အေး အဲဒါလေး တော်တော်ကောင်းလို့ ငါ ပြန်ပြောပြတာ၊ နင့်ဟာနင် ဆက်တွေးကြည့်ပေါ့ကွာ၊ အေး ဒီနေ့ ဘာသင်လဲဆိုတော့ကာ ................'

* * *

'ဟိုကောင် လာအော်နေပြန်ပြီ အန်ကယ်'

'အေး ငါ ကြားတယ်'

'ဒီကောင် တော်တော် အတင့်ရဲလာပြီ၊ ဒီနေ့ ကပ်လျက်ခြံက အော်နေတာ'

'ငါ ကြားပါတယ်ဆို'

'အဲဒီခြံက သူနဲ့ ဘာတော်လဲ အန်ကယ်'

'ဘာမှ မတော်ဘူး၊ ဒီခွေးကောင် ဝင်ပေါင်းထားတာ ဖြစ်မှာ၊ အဲဒီခြံကလူက တရားသူကြီးဟောင်း၊ Chess ချန်ပီယံဟောင်းကွ၊ နာမည်က ဦးကျော်ဝင်းတဲ့'

'နေ့တိုင်း လာ လာပြီး မထီလေးစား လုပ်နေတာတော့ မဟုတ်သေးဘူး အန်ကယ်၊ ကျွန်တော် တစ်ခုခု ကြံဦးမယ်'

'ကြည့်လည်းလုပ်ပါ မောင်အောင်ထွန်းရာ၊ ဟိုနေ့ကလို လိုက်ရှင်းရပြုရတော့ မကောင်းဘူး'

'ဒီတစ်ခါ တစ်မျိုးပါ အန်ကယ်၊ မရှင်းရပါဘူး'



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂၀)

## Day 20

'မိလဲ့ရှည် … ညည်းကျောင်းမတက်ဘူးလား ဒီနေ့'

'ဟင် တက်စရာ မလိုဘူးလေ ဒက်ဒီရဲ့၊ ညနေ ၄ဝ လာပြောမှာပဲ ဟာ'

'ဘာလဲ၊ ညည်း အောင်ထွန်းနဲ့ တူတူမသွားချင်လို့ တမင်မသွားတာ မဟုတ်လား'

'မဟုတ်ပါဘူး၊ ကျောင်းတက်နေရင် ကိုယ်တိုင် လက်ချာလိုက်နေရ တော့ အချိန်ကုန်တယ်၊ စာမေးပွဲကလည်း နီးနေပြီ ဆိုတော့ တစ်နေကုန် အိမ်မှာ စာကျက်နေ … ညနေ ၄ဝ လာပြောတော့ လိုတာ လိုက်မှတ် လိုက်ရုံပဲ၊ ဒက်ဒီကလည်း တစ်ယောက်ထဲ အမျိုးမျိုး ဖြစ်နေပါလား … အစကတော့ ဒက်ဒီပဲ အိမ်ထဲက အိမ်ပြင်တောင် မထွက်နဲ့ဆို၊ အခုကျ ကျောင်းမတက်ဘူးလား လာမေးနေပြန်ပြီ'

'ခက်တာပဲ၊ ငါ ဒီနေ့ အပြင်သွားစရာ ရှိတယ်၊ နင့်ထားခဲ့ရမှာ စိတ် မချဘူး'

'ဒက်ဒီနော် ဒက်ဒီ့နောက်တော့ လျှောက်မလိုက်ခိုင်းနဲ့၊ သမီး စာကျက် ချက်တယ်'

'မလိုက်ခိုင်းပါဘူး ညည်းကို … အိမ်မှာ ထားခဲ့ရမှာ စိတ်မချလို့



www.burmeseclassic.com

www.burmeseclassic.com



စဉ်းစားနေတာ၊ ဟို အကြံသမားကောင်ကရှိနေ'

'အိမ်မှာ ဘာမှ စိတ်မချစရာ မရှိဘူး၊ ရှိချင်းရှိ ဒက်ဒီ့လူ လှေနှာမည်နဲ့ အရှုးပဲ ရှိမယ်၊ စိတ်မချရင် ဒက်ဒီ့လူ ဒက်ဒီနဲ့ အတူတူခေါ်သွား၊ အိမ်မှာ သမီးကို သော့ခတ်ပြီး ပိတ်ထားခဲ့'

'အဲဒါမှ ဟိုကောင် သိုက်သမား ငါ့အိမ် လာဖောက်ပြီး ငါ့သမီး ဓပြေးမှာ'

'အိမ်လာမဖောက်အားဘူး ဒက်ဒီ၊ ခုတလော ကျောင်းမှာ အရေးကြီးနေလို့ ဒက်ဒီ့ သိုက်သမား ကျောင်းမပျက်ရဲဘူး၊ သူကျောင်းပျက်ရင် သူရော သမီးရော လွတ်ကုန်မှာ သူသိတယ်'

'နင့်ကောင်ကို ငါ့သိုက်သမား လာမပြောနဲ့'

'ထားပါတော့ သမီးကောင်လို့ပဲ'

'မိလှဲ့ရည် စကားမကပ်နဲ့စမ်း'

'ဟီ ဟီ'

'သမီးတစ်ကောင် မွေးမိတာများ၊ ဒင်း ထိန်းကျောင်းနေရတာနဲ့ အဖေမှာ အလုပ်ပျက် အကိုင်ပျက်၊ ဒါတောင် ဒင်းက ပျော်နေ၊ နင် ကြပ်ကြပ်သတိထားစမ်း'

'ဟာ အခုတလောတော့ တော်တော်သတိထားရတာ ဒက်ဒီရဲ့အိမ်ပေါ် အရှုးရောက်နေတာ ဘယ်လောက် ကြောက်စရာကောင်းလဲ၊ တော်တော်သတိထားနိုင်မှ'

'သူများ သားသမီး အရှုး အရှုးနဲ့ ခေါ်မနေစမ်းနဲ့၊ ကြားသွားရင် မကောင်းဘူး'

'လူကောင်းတော့ မဟုတ်ဘူးနော် ဒက်ဒီ၊ ကြည့်ပါလား ... သမီးကို တွေ့ရင် ရုပ်က စပ်ဖြဲဖြဲ၊ တဟဲဟဲနဲ့၊ ရှူးကြောင်ကြောင် ပေါတောတော ချာတာတာ'

'တော်တော့ဆို မိလှဲ့ရည်'

'တော်ပြီ တော်ပြီ၊ စာသွားကျက်တော့မယ်၊ ဒက်ဒီ့ဟာ ဒက်ဒီ သွားစရာရှိရင် ဒက်ဒီ့အရှုး ဒက်ဒီ ခေါ်သွား၊ သမီးကိုသာ သော့ခတ်ထားခဲ့'



## အခန်း(၂၇)

### Day 21

### 6:30 am

'ဘာလုပ်နေတာလဲ မောင်အောင်ထွန်း၊ ဒါတွေက ဘာတွေလဲ၊ စောစောစီးစီး'

'ဩော် အန်ကယ် နိုးပြီလား၊ ဂွတ်မောနင်း အန်ကယ် ဟဲ ဟဲ'

'မေးတာ ဖြေစမ်းပါဦးဟ၊ ဒါတွေက ဘာတွေလဲဆို'

'ဩော် ... ဒါတွေက မနေ့က အန်ကယ်နဲ့ ကျွန်တော် မြို့ထဲရောက်ရင်း စိတ်ကူးရလို့ ဝယ်လာတာတွေလေ၊ ညနေ ဟိုကောင်လာရင် တန်ပြန်တိုက်စစ်ဆင်ဖို့ လော်ဆင်နေတာ၊ ပြီးတောင် ပြီးတော့မယ်'

'ကြည့်တော့လုပ်ကွာ ... တော်ကြာ မဟုတ်တာတွေ ဖြစ်နေဦးမယ်'

'မဖြစ်စေရပါဘူး အန်ကယ်၊ စိတ်ချစမ်းပါ'

### 5:30 pm

'မိလှဲ့ရေ ... ငါရောက်ပြီဟ၊ ဒီနေ့ နည်းနည်း နောက်ကျသွားတယ်၊



www.burmeseclassic.com

www.burmeseclassic.com



နင် ရယ်ဒီဖြစ်ပြီလား'

'ရှိ ရှိ … ဒီမှာ ဟော့ကောင်'

'ပလုတ်တုတ်ရဲ့ … ဘာသံကြီးလဲဟ၊ ဘယ်ကပါလိမ့်'

'ဘယ်ကမှ မဟုတ်ဘူး၊ ဒီခြံထဲကကွ၊ ဒီမှာ မင်း တစ်နေ့တစ်နေ့ လော်နဲ့ လာ လာအော်နေတဲ့ကိစ္စ ရပ်တန်းက ရပ်ပါ'

'ခင်ဗျား volume တော့ နည်းနည်း လျှော့ပြောပါဗျာ၊ အရမ်း ကျယ်လွန်းနေတယ်'

'မလျှော့ဘူး၊ တစ်စိမှ မလျှော့ဘူး'

'မဟုတ်ဘူး၊ ကျွန်တော် ပြောတာက လော်နဲ့ ကျွန်တော့်ကို ပြန်အော်ချင် အော်ပါ၊ ဒီလောက် အသံအကျယ်ကြီးတော့ မလုပ်ပါနဲ့၊ ရပ်ကွက်အနှောင့်အယှက် ဖြစ်ပါတယ်'

'ဖြစ်ရင်လည်း မင်းကြောင့်ပဲ ဟော့ကောင် … မင်း လာ လာအော်နေလို့ ငါ ပြန်အော်ရတာ'

'ကျွန်တော်က ကြားရရုံလောက်ပဲ ပြောတာပါဗျာ၊ ခင်ဗျား အတွက် ဘာများထိခိုက်လို့လဲ'

'ထိခိုက်တယ် ဟော့ကောင်၊ မလိုချင်ဘူး၊ မင်းပြန်မှ ငါ အော်တာရပ်မယ်၊ မင်းဆက်အော်နေရင် ငါ လေကုန်ခံပြီး မပြောတော့ဘူး၊ တွေ့ရာအဆူညံဆုံး သီချင်းတွေ လျှောက်ဖွင့်ထားမှာ'

'ဒုက္ခပါပဲဗျာ၊ မလုပ်ပါနဲ့၊ ကျွန်တော် လာမပြောပြရင် လှဲ့ရည် စာမေးပွဲ ကျလိမ့်မယ်၊ ခင်ဗျားအတွက် ဘာအကျိုးရှိလို့လဲဗျာ'

'မသိဘူး၊ အဓိကက မင်း လုံးဝမလာဖို့နဲ့ အော် အော်မနေဖို့ပဲ'

'ကျွတ် … ဘယ်လိုလူနဲ့ လာတွေ့နေတယ် မသိဘူး၊ ဟုတ်ပြီဗျာ၊ ဒီနေ့တစ်ရက်တော့ ကျွန်တော့်ကို ပေးပြော၊ နောက်နေ့ ကျွန်တော် တစ်မျိုး စဉ်းစားမယ်၊ ဟုတ်ပြီလား'

'မရဘူး၊ မင်း အခုပြန်၊ ငါ့ကို အချိုလာမသတ်နဲ့'

'ခက်တာပဲ၊ လုပ်ပါဗျာ ဒီတစ်ရက်တော့၊ ဒီမှာ အရေးကြီးတာတွေ ပါတယ်ဗျ'

'တော်ပြီ … လေကုန်ခံပြီး မပြောတော့ဘူး၊ မင်း ပြန်ရင်ပြန် မပြန်





ချင်တော့ ငါစက်မပိတ်ဘူး ဒါပဲ'

'ကွိုင်ပဲကွာ OK … ကျွန်တော် အရေးတကြီး စာတွေပဲ ပြောပြီး ပြန်မယ်၊ ဟုတ်ပြီလား'

'ကွီ ကွီ ရှဲ ရှဲ …တီ တီ တီ တီ … ခြောက်လုနီးခဲ့တဲ့ အိပ်မက်တွေ မက်တဲ့ညတိုင်း ……(သေခြင်းရဲ့ တံခါးများ) (သေခြင်းရဲ့ တံခါးများ)'

'ဟော့လူ ဟော့လူ … တော်တော့ ပြန်ပြီ ပြန်ပြီ၊ ခင်ဗျားဟာကြီး ပိတ်လိုက်တော့'

'(သေခြင်းရဲ့ တံခါးများ) (သေခြင်းရဲ့ တံခါးများ)'

'ဟာ … သေကွာ၊ ပြောတာလည်း မကြားဘူး'

'(သေခြင်းရဲ့ တံခါးများ) (သေခြင်းရဲ့ ….) ကွီ'

'ဟိုက် ဘာဖြစ်သွားတာလဲ'

'ဘာဖြစ်ရမှာလဲ၊ မီးချလိုက်တာပေါ့၊ ဒီမှာ … ရှင်ဘယ်လိုလူလဲ၊ ဘာကိစ္စ သူများကိစ္စတွေမှာ ကန့်လန့်ကန့်လန့် ဝင်ပါနေရတာလဲ'

'မ မဟုတ်ဘူး လှဲ့ရည်၊ ကိုယ် မင်းကို ကာကွယ်နေတာလေ ဟဲဟဲ'

'ကာကွယ်ရအောင် နင်နဲ့ ငါနဲ့ ဘာဆိုင်လို့လဲဟဲ့၊ တောသား မျက်နှာစူးရဲ့ … နင်သက်သက် ငါ့အိမ်လာပြီး ငါတို့မိသားစုကို ရပ်ကွက်ထဲ အရှက်ခွဲနေတာ၊ ဒီမှာ ငါ နင့်ကို ပြောမယ်၊ နင် ဘာကိစ္စ ငါ့ပညာရေးကို ဒုက္ခပေးနေလဲ၊ နင်တို့ပဲ ငါ့ကို အပြင်မထွက်ခိုင်းလို့ ငါ့သူငယ်ချင်းက စာလာပြောပြပေးနေတာကို ဘာကိစ္စ နှောင့်ယှက်နေရတာလဲ၊ ဘယ်မလဲ နင့်ဟာတွေ … လာခဲ့စမ်း'

'ခွမ်း ဂွမ်း'

'မ မ မလုပ်နဲ့လေ … လှဲ့ လှဲ့ရည်'

'နင် ငါ့အသား လာမထိနဲ့နော်၊ ငါ တကယ် ဒေါသထွက်နေတာ၊ လူသတ်မှု ဖြစ်သွားမယ်'

'လှဲ့ရည်မိုးဆွေ … တော်တော့'

'လုပ် လုပ် လုပ်ပါဦး အန်ကယ်'

'ခွမ်း ဂလွမ်း'

'တော်စမ်းလို့ ဒက်ဒီ ပြောနေတယ်နော်'



www.burmeseclassic.com

www.burmeseclassic.com



'ငါ့ကို သက်သက် အရှက်ခွဲဦးဟဲ့'

'ငွမ်း ငွမ်း'

'လုပ် လုပ်ကြပါဦးဗျို့'

'သမီး ... တော်ပြီ တော်ပြီ၊ လာ လာ ... တော်တော့ တော်တော့'

'လဲ့ရည် တော်တော့ဟာ ... စိတ်ကိုလျှော့၊ ဒေါသမကြီးပါနဲ့၊ နင် ပင်ပန်းပါတယ်၊ ဒါ ငါ့ကြောင့်ဖြစ်ရတာ ငါပြန်ပြီ သူငယ်ချင်း ... တော်တော့ဟာ'



# အခန်း(၂၂)

## Day 22

'ဘယ် ဘယ်သွားမလို့လဲ လဲ့ရည် ဟဲ ဟဲ'

'ကျောင်းသွားမလို့'

'ဒါ ဒါဆို ကိုယ်လိုက်ရမှာပေါ့'

'ကျွန်မအဖေ ပြောထားတာပဲ၊ ရှင်ပါရင် ကျောင်းသွားလို့ ရတယ်ဆို'

'ဟုတ်တယ် ဟုတ်တယ် ဟဲ ဟဲ'

'ဒီမှာ ... တစ်ခုတော့ ကြိုပြောထားမယ်နော်၊ ဒီနေ့ကစပြီး ရှင်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ကျွန်မ လုံးဝ ဂရုစိုက်တော့မှာ မဟုတ်ဘူး၊ ရှင့်ကို အရင်က ဘယ်လိုမှ သဘောမထားခဲ့ပေမဲ့ အခုတော့ ရှင်ဟာ ကျွန်မနဲ့ တစ်သက်လုံး ဘာမှမဆိုင်တော့တဲ့ သူစိမ်းသက်သက် ဖြစ်သွားပြီ၊ အချိန်တန်ရင် ရှင်လည်း ရှင့်လမ်း ရှင်သွားရမယ့်လူ၊ ကျွန်မလည်း ကျွန်မလမ်း ကျွန်မသွားမှာ၊ ဘာမှလာမပတ်သက်နဲ့၊ သိပ်လွန်ကဲလာရင် အမျိုးသမီးရေးရာ တိုင်ပြီး ထောင်ထဲထည့်ပစ်မယ်၊ ကြပ်ကြပ်သတိထား'

'မိလဲ့ရည် ... ဘယ်လိုပြောလိုက်တာလဲ၊ လာစမ်း ငါ့ရှေ့မှာ လာပြောစမ်း'

'ရပါတယ် ဒက်ဒီ၊ ဒီနေ့ကစပြီး ဒီလူရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ သမီး လုံးဝ ဂရုစိုက်တော့မှာ မဟုတ်ဘူး၊ ဒီလူကို အရင်က ဘယ်လိုမှ



www.burmeseclassic.com

www.burmeseclassic.com



သဘောမထားခဲ့ပေမဲ့ အခု ဒီလူဟာ သမီးနဲ့ သူစိမ်းသက်သက် ဖြစ်သွားပြီ၊ သူလည်း သူ့လမ်းသူသွား၊ သူလုပ်စရာရှိတာ သူလုပ်၊ သမီးလည်း အဲလိုပဲ၊ ဘာမှ ပတ်သက်စရာ မရှိတော့ဘူး'

'မိလှဲ့ရည် ငါ'

'မ မလုပ်ပါနဲ့ အန်ကယ်'

'ဒက်ဒီ ရိုက်ချင်ရိုက်ပေါ့၊ ဘာမှမဟုတ်တဲ့ ကိစ္စတစ်ခုကို ဒက်ဒီစိတ်ချမ်းသာအောင် ဒက်ဒီ ပြောသလို လိုက်နေပေးနေတာပဲ၊ ဒက်ဒီ့ကို ချစ်လို့ ဒက်ဒီ ပြောသလိုတော့ နေနိုင်မယ်၊ သူစိမ်းတစ်ယောက်တော့ သမီး ဘာမှ ဂရုစိုက်စရာ မလိုဘူး၊ ဒီမှာ ကျွန်မ ငါးမိနစ် အိမ်ရှေ့မှာစောင့်မယ်၊ ဒက်ဒီက ရှင်ပါရင် ကျွန်မ ကျောင်းသွားလို့ရတယ်လို့ ပြောထားတယ်၊ အဲဒီတော့ ရှင်လိုက်ခဲ့ပါ ဒါပဲ၊ ရှင်သိထားဖို့က ရှင့်ကြောင့် ကျွန်မ ကျောင်းမသွားချင်ဘဲ သွားရတော့မယ် ဆိုတာပဲ'

'လှဲ့ရည်မိုးဆွေ'

'စိတ်လျှော့ပါ အန်ကယ်၊ ကျွန်တော် ကြည့်စီစဉ်ပါမယ်၊ ခဏ ခဏလေးနော် လှဲ့ရည်'

* * *

'မိလှဲ့ အတော် ပေါက်ကွဲတာ ဟော့ကောင်ရေ … ငါတောင် ဖြုံသွားတယ်၊ တစ်ခါမှ မတွေ့ဖူးဘူး၊ ဟိုလူ့စက်တွေ အကုန် ရိုက်ခွဲ ကိုင်ပေါက်ပစ်တာ၊ သူ့အဖေ မနည်း ဖက်ထားတာတောင် မရချင်ဘူး၊ မျက်ရည်တွေလည်း ကျလို့၊ သနားပါတယ်ကွာ'

'အပျက် အပျက်နဲ့ ဟိုဒင်း သွေးထွက်တာ ဆိုသလို ဖြစ်ကုန်ပြီထင်တယ်'

'နိုင်ကြီး မင်းလုပ်ပြန်ပြီ၊ စကားကို ရှင်းရှင်း ပြောပါဆို၊ ဘာသွေးထွက်တာတုံး'

'နားရွက် … မဟုတ်ပါဘူး … နှာခေါင်း'





'မင်းကတစ်မျိုး … စိတ်ညစ်ရတဲ့အထဲကွာ'

'နောက်တာပါကွာ၊ မင်းကလည်း ဒီတော့ မင်း ဘယ်လိုစဉ်းစားလဲ'

'လော်ကိစ္စတော့ ရပ်လိုက်မှ ကောင်းမယ်၊ အရပ်က ငါ့ကို မငြိငြင်ဘူး ဆိုပေမဲ့ ကြာရင် မိလှဲ့တို့အတွက် မကောင်းဘူးကွ၊ ငါ့မှာ နည်းလမ်းတွေ ရှိပါသေးတယ်၊ ကိစ္စမရှိပါဘူး'

'ဟော့ကောင် ငဝေ … ဟိုမှာ မိလှဲ့နဲ့ ဟိုလူကွ၊ ငါတို့ဆီ လာနေတယ်'

'ဟိုက် ကွိုင်ပြီ ထင်တယ်၊ ငါ့ ပြဿနာ လာရှာတာလား မသိဘူး'

'ငဝေ မနေ့က နင် မပြောသွားဖြစ်လိုက်တဲ့ လက်ချာတွေ အခုပြောပြဟာ၊ ငါ လိုက်မှတ်မယ်၊ ဟိုဘက် နည်းနည်းတိုး'

'ဩော် အေး … ရတယ်လေ ထိုင်'

'လှဲ့ လှဲ့ရည် အဲ အဲဒီကောင်နား အဲလောက် ကပ်မထိုင်နဲ့လေ'

'ရပြီ ပြောဟာ ငဝေ'

'ဒီလိုဟာ … မနေ့က နင့်ကို ပြောပြမယ့် MCQ တွေတော့ ငါ Photo ကူးလိုက်ပြီးပြီ၊ ပြန်မှ နင်ယူသွား၊ လက်ချာပဲ လိုက်မှတ်တော့'

'ဟော့ကောင် ဟိုဘက် နည်းနည်း တိုးစမ်း၊ လှဲ့ရည်နား ကပ်မထိုင်နဲ့'

'ရပြီ ငဝေ ပြော'

'အနက်တမီချိန်ကဟာက ဩော် … ကြာပါတယ်ဟာ ပေး ပေး၊ နင့်စာအုပ်ထဲ ငါပဲ ရေးထည့်ပေးလိုက်မယ်'

'ဟော့ကောင် မင်း ဘာလို့ လှဲ့ရည်လက် ကိုင်တာလဲ'

'ငဝေ … ငါလေ သိလား'

'ဘာဖြစ်လဲ မိလှဲ့ ပြော'

'နေဦး … ဘယ်တွေ သွားမိလာပြန်ပြီလဲ ငဝေ၊ ကြည့်စမ်း နင့်ပခုံးမှာ ဖြူဖွေးနေတာပဲ လာ လာ'

'လှဲ့ရည် … ဟိုကောင့်ပခုံးကို ဘာလို့ ကိုင်တာလဲ၊ မကိုင်နဲ့လေ၊ ကိုယ် အန်ကယ်နဲ့ ပြန်တိုင်မှာနော်'

'ဒီမှာ ကိုဘယ်သူ'

'ဘာတုံး'



www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော့်နာမည် နိုင်ကြီးလို့ ခေါ်ပါတယ်၊ ခင်ဗျား ဘယ်သူလဲတော့ မသိဘူး၊ မိလှဲ့နဲ့ ဘယ်လိုပတ်သက်ပြီး ဘာတွေ တာဝန်ယူထားရလဲလည်း မသိဘူး၊ ကျွန်တော် တစ်ခုအကြံပေးပါရစေ၊ ခင်ဗျားကို မြင်ရတာ မသက်မသာ ရှိလွန်းလို့၊ ခင်ဗျား ဘာပြောပြော ဂရုမှ မစိုက်ကြတာဗျာ၊ ဘာလို့ သွား သွားပြောနေလဲ၊ လာပါ ကျွန်တော်နဲ့ လက်ဖက်ရည် သွားသောက်ရအောင်ပါ'

'မသွားပါဘူး၊ ဘာလို့ သွားရမှာလဲ'

'ပြောမရလည်း နေဗျာ'

'မိလှဲ့'

'ဟေ'

'နှင် ခုနက ငါ့ကို ပြောမလို့ဟာ ဘာလဲ'

'သြော် ရည်းစားစကား အပြောမခံရတာ ကြာတော့ ပျင်းတောင်ပျင်းတယ်လို့ ပြောမလို့'

'လှဲ့ရည် ... ဒီကောင် သိုက်သမားလို့ အန့်ကယ် ပြောထားတယ်နော်၊ ဘာတွေ လျှောက်ပြောနေကာလဲ'

'အေး ဟုတ်တယ်ဟ၊ ကြည့်စမ်း ယောက်ယက်ခတ်နေတာနဲ့ နှင့် ငါ ရည်းစားစကား မပြောရတာတောင် ကြာပြီ'

'အေး ဒါဆို ခုပြော'

'အင်း ပြောမယ်၊ ဒီလိုဟာ ... ငါ နှင့်ကို အမြဲ ပြောခဲ့သလိုပေါ့၊ နှင်နဲ့ငါနဲ့ မျိုးဆက်တွေ ဆက်လက် ရှင်သန်ဖို့အတွက် နှင်ငါ့ကို ပြန်ချစ်မှ ဖြစ်မှာဟ၊ ဘယ်လိုလဲ နှင် ငါ့ကို ချစ်ပါတယ်၊ ဟုတ်တယ် မဟုတ်လား'

'ဟေ့ကောင် မင်း လူဝါးဝလုချည်လား၊ လှဲ့ရည် ပြန်မယ် လာ ထ'

'မရဘူး ငဝေ ... နှင်ဒီလို စာရေးနေရင်းနဲ့ အကျောကြီးနဲ့ အဖြေလာမတောင်းနဲ့၊ ငါ့မျက်နှာကို သေချာကြည့်ပြီး ပြော'

'ဟေ့ကောင် မင်း ထပ်မပြောနဲ့နော်'

'OK မိလှဲ့ ... ငါ နှင့်ကို လက်ထပ်ပြီး တစ်သက်လုံး ပေါင်းသင်းဖို့ ရည်ရွယ်ပြီး ချစ်တယ်၊ နှင်ရော ငါ့ကို ချစ်လား'

အိမ်သူ့ရွှေမ စာပေ



'အာ ... ဒီကောင်ကွာ'

'ဟော့လူ သူတို့ဟာသူတို့ နေစမ်းပါစေဗျာ၊ လာ လာ'

'ဟာ မဆွဲနဲ့လေ၊ လူကို ဘာလုပ်တာလဲကွ'

'ငဝေ'

'အင်း'

'ငါ သေချာစဉ်းစားပြီးမှ ဖြေမှာနော်'

'အင်း'

'နှင် အရက်တွေ ဘာတွေသောက်ပြီး လျှောက်မသွားဘူးလို့ ကတိပေး'

'ဟင် ... အေး ပေးတယ်ဟာ'

'ငါ နှင့်ကို လုံးဝမချစ်ဘူး သိလား၊ ဟီ ဟီ ... ဒါပေမဲ့ နှင်ကလွဲရင် ငါ ဘယ်သူနဲ့မှ အိမ်ထောင်ကျမှာ မဟုတ်ဘူး ဟာ ဟ ...'

'ငါလည်း ဒီလိုပါပဲဟာ၊ ဒါပေမဲ့ ငါ ပေးထားတဲ့ ကတိတော့ ဖျက်မှာဟ မိလှဲ့ရဲ့'

'ဟင် ဘာဖြစ်လို့လဲ'

'ဒီညနေ ဘီယာတွေ ဘာတွေသောက်ပြီး လျှောက်လေရမယ်'

'ဘာလို့လဲ'

'ပျော်လို့'

'လှဲ့ရည် ... လာ ပြန်မယ်၊ အန့်ကယ်နဲ့ကို ပြန်တိုင်'

'ဖြန်း'

'ဟာ'

'ရှင့်ကို ကျွန်မ ပြောထားတယ်နော်၊ ကျွန်မကို လုံးဝ လာမထိနဲ့လို့'

'ဟေ့ကောင် ... ဒါ ငါယူမယ့် မိန်းမကွ၊ ကြားလား'

'ဖြန်း'

'ဟာ'

'ရှင်နဲ့ ကျွန်မ ဘာမှမပတ်သက်ဘူး'

အိမ်သူ့ရွှေမ စာပေ

www.burmeseclassic.com

www.burmeseclassic.com



'ဟာကွာ၊ မင်းကြောင့် ဖြစ်ရတာ လာခဲ့'

'ခွပ်'

'အင့်'

'ဖိုင်း'

'ခင်ဗျားကို ပြောတယ်၊ သူတို့ဟာသူတို့ နေပါစေလို့'

'နိုင်ကြီး တော်ပြီ'

'ဘာဖြစ်ကြတာလဲ ဒီမှာ'

'ဟာ ဆရာစန်း'

'ဒီလူ ဘယ်ကလူလဲ'

'မသိဘူးဆရာ ... ကျောင်းထဲ ဝင်လာပြီး သမီးကို အတင်းဆွဲခေါ်နေတယ်၊ မင်းဝေကိုလည်း ပြေးထိုးလို့၊ နိုင်ကြီးက ကြားက ဝင်ထိုးလိုက်တာ'

'ဘာဖြစ်တာလဲ သူငယ်ချင်း'

'ဟာ အောင်ထွန်းတို့ ... အေး ကျောင်းထဲ လူစိမ်းဝင်လာလို့ကွ'

'မ မဟုတ် ... ကျွန် ကျွန်တော်'

'ဟေ့ကောင် မင်း ဘယ်ကလဲ'

'ကျွန် ကျွန်တော် ... သူ သူ'

'အရှုးထင်တယ် ဆရာ၊ ဝိုင်းချုပ်ပြီး ရုံးခန်းပို့ရအောင်'

'ကောင်းတယ် အောင်ထွန်း၊ မင်းနဲ့ ကျော်ကျော်နဲ့ နိုင်ကြီးနဲ့ သုံးယောက် ချုပ်ပြီး ဆရာ့နောက်က လိုက်ခဲ့'

'ဟေ့လူတွေ ... ဟေ့ ... ဟာ ... မ မ မလုပ်နဲ့လေ'

'တိတ်တိတ်နေစမ်း ... ဒီအရူးဟာ'

'မိလဲ့'

'ဘာလဲ'

'နောက်နေ့တော့ အိမ်မှာပဲ နေပါဟာ၊ ရက်သိပ်နီးနေပြီ၊ အားလုံးစာကုန်းကျက်နေကြတာ၊ ငါ နင် ဆပ်ပလီစွဲမှာ စိတ်ပူတယ်ဟာ၊ ငါ တစ်ခုခု





စီစဉ်ပါ့မယ်နော် ဟုတ်လား'

'ပြီးရော ဝေဝေ ... နင့်ကို ငါ ယုံမယ်နော်'

'အေးပါဟ နင်ကလည်း'

'နေဦး၊ ညနေကျ သိပ်လျှောက်မူးမနေနဲ့နော်၊ စာလည်း ကျက်ဦး၊ ကိုယ့်ကိုယ်ကိုယ် သိပ်အထင်ကြီးမနေနဲ့ ကြားလား'

'ဟုတ်ကဲ့ ခင်ဗျ'



www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၂၃)

## Day 23

'မိလှဲ့ရည်'

'ပြော ဒက်ဒီ ဘာခိုင်းမလို့လဲ'

'ဘာမှ မခိုင်းဘူး၊ နင် ဒီနေ့ ကျောင်းမသွားပြန်ဘူးလား'

'သွားစရာမှ မလိုတာ၊ ဘာဖြစ်လို့လဲ'

'ငါ့ကို အောင်ထွန်း ပြန်တိုင်တယ်၊ မနေ့က ညည်းနဲ့ သိုက်သမားနဲ့ သူ့သူငယ်ချင်းတွေနဲ့ ပေါင်းပြီး ကျောင်းထဲက မောင်းထုတ်ထားလို့ အပြင်မှာ တစ်နေကုန် စောင့်နေရတယ်ဆို၊ ပြီးတော့ ပြောသေးတယ်၊ ညည်းကစပြီး သိုက်သမားကို ရည်းစားစကား ပြောခိုင်းပြီးတော့ အဖြေပြန်ပေးလိုက်တယ်ဆို ဟုတ်သလား၊ ပြောစမ်း'

'ပထမ တစ်ခုက ဒက်ဒီ့လူက သမီးလက်ကို ဆွဲပြီး ဒက်ဒီ့ သိုက်သမားကို ပြေးထိုးလို့ ဆရာတစ်ယောက်ရော ကျောင်းသားတွေပါ ဝိုင်းဖမ်းပြီး မောင်းထုတ်လိုက်တာ၊ သူနဲ့ မပတ်သက်တဲ့ ဝန်းကျင်မှာ လာနေတာကိုး၊ သူ့ထိုက်နဲ့ သူ့ကံပဲဟာ'

'ဒါ ထားတော့၊ နောက်တစ်ခုကရော … မှန်မှန်ပြောနော် မိလှဲ့ရည်'

'ဒက်ဒီ စဉ်းစားကြည့်လေ၊ ဒက်ဒီကိုယ်တိုင်ပဲ ဒက်ဒီ ပြော ပြောနေတဲ့ သိုက်သမားနဲ့ သမီးနဲ့ကို သမီးရည်းစားပါလို့ယုံပြီး သမီးကို ကျောင်း



www.burmeseclassic.com

www.burmeseclassic.com



ပေးမတက်တာ မဟုတ်ဘူးလား၊ အခုမှ သမီးက အလောတကြီး အဖြေ ပေးစရာ ဘာလိုလို့လဲ'

'အင်'

'နောက်ပြီး ဒက်ဒီပဲ ပြောတယ်၊ ဒက်ဒီ့လူက ကျောင်းထဲက မောင်း ထုတ်ခံရတယ်ဆို၊ သူက ဘယ်လိုမြင်လဲ ကြားလဲ'

'ငါ မေးပြီးပြီ၊ အောင်ထွန်းနဲ့ နောက်ကောင်လေးတစ်ယောက် ရှေ့ မှာတင် နင်တို့ပြောကြတာဆို'

'ရည်းစားစကားပြောပြီး အဖြေပြန်ပေးတာကို လူရှေ့သူရှေ့ လုပ်ကြ တာ ဒက်ဒီ တွေ့ဖူးလား'

'အဲ'

'နောက် ရှိသေးတယ်၊ သမီးက ပူပူနွေးနွေး အဖြေပေးထားရင် အိမ်မှာ ဒီလိုနေမလား၊ သူ့ဟာသူ ဘေးက ဘယ်သူပဲ လိုက်နေနေ ကိုယ့်ရည်းစား ပူပူနွေးနွေးကို သွားကိုတွေ့မှာပေါ့'

'ဒါဆို အောင်ထွန်း လျှောက်ပြောတာပေါ့'

'ဒက်ဒီရယ် ဘာဖြစ်လို့ ဒီလောက် စိုးရိမ်ပူပန်နေရတာလဲ သမီးကို ...ဒီအရွယ်ပဲ ရောက်နေပြီ၊ နောက်ပြီး ဒက်ဒီ့နားမှာပဲ ရှိနေတာ၊ သမီး စာဖြောင့်ဖြောင့် ကျက်စမ်းပါရစေ၊ စာမေးပွဲ နီးလှပြီဆိုမှ'

'နေဦး ... ငါ မေးဦးမယ်၊ စာမေးပွဲ သွားဖြေရင်ရော နင်နဲ့ သိုက် သမား တွေ့မှာလား'

'မတွေ့ဘဲ မနေဘူး၊ သူနဲ့ သမီးနဲ့က ခုံနံပါတ် နီးနီးလေး၊ တစ်ခန်းထဲ ကို ကျမှာ'

'ဟေ'

'စိတ်ချပါ၊ သူလည်း သမီးကို ခေါ်ချိန်မရဘူး၊ သမီးလည်း သူ့အဖက် လုပ်ချိန် မရဘူး ဒက်ဒီရဲ့'

'နေဦး ... ငါ ရှင်းရှင်းမေးမယ်၊ အောင်ထွန်း ငါ့ကို ပြန်တိုင်တာ တွေ ဟုတ်သလား၊ မဟုတ်ဘူးလား'

'အားလုံး ဟုတ်တယ်'

'ဘာပြောတယ် မိလှဲ့ရည် ... နင် ငါ့ကို အရူးလုပ်နေတာလား'





'မဟုတ်ဘူး ဒက်ဒီ၊ ဒက်ဒီ့ကို သမီး ဘယ်တုန်းက မဟုတ်တာပြော ဖူးလို့လဲ၊ နောက်လည်း ပြောမှာမဟုတ်ဘူး၊ အခုကိစ္စက ဒက်ဒီ အစိုးရိမ် လွန်လွန်းလို့ ဒက်ဒီ မဖြစ်စေချင်တာတွေ ဖြစ်ကုန်တာ'

'ငါ့ကြောင့် နင် သိုက်သမားနဲ့ ကြိုက်တာပေါ့လေ ဟုတ်လား'

'စိတ် အရင်မတိုနဲ့ ဒက်ဒီ၊ သမီးပြောတာ အရင်နားထောင်၊ ဒက်ဒီ့ သိုက်သမားက သမီးကို Propose လုပ်နေတာ ကြာလှပြီ၊ သမီးက ဘာ မှမဖြေဘဲ စောင့်ကြည့်နေတာ၊ ဒက်ဒီ စိုးရိမ်သလို သိုက်သမားပဲ ဖြစ်နေ မလား၊ သမီးကို တကယ်ရော မေတ္တာရှိရဲ့လား၊ သမီး ကိုယ်တိုင်လည်း တစ်သက်လုံး ပေါင်းသင်းသွားနိုင်ပါ့မလား ... နောက်ပြီး အများကြီးပဲ၊ သမီး စဉ်းစားနေတုန်း ဒက်ဒီက အတင်းလျှောက်ထင်ပြီး မဟုတ်ပါဘူးလို့ သမီး ခဏ ခဏ ပြောပြနေတဲ့ ကြားက လျှောက်လုပ်ပစ်လိုက်တာတွေ တစ်ကြောင်း၊ ဟို အရူးကို အိမ်ပေါ်ခေါ်တင်ထားတာ တစ်ကြောင်း၊ ဒက်ဒီ့ သိုက်သမား ကိုယ်တိုင်က သမီး အကျိုး တကယ်လိုလားတာ တွေ့ရတာ တစ်ကြောင်း၊ အဲဒါကြောင့် သူ့ကို ခေါင်းညိတ်လိုက်တာ'

'တော်တော့ မိလှဲ့ရည် ... နင် ဒီနေ့ကစပြီး ဘယ်မှမထွက်နဲ့၊ စာ မေးပွဲလည်း မဖြေရဘူး'

'ဒါဆို ဒက်ဒီရော သမီးရော တစ်သက်လုံး ရည်မှန်းလာခဲ့တဲ့ မျှော် လင့်ချက်တွေ ပျက်သွားတော့မှာပေါ့၊ ဒက်ဒီ ပြောခဲ့တယ်လေ၊ သမီး ဆယ်တန်းဖြေခါနီးတုန်းက ငါ့သမီးလေး ဆရာဝန်ဖြစ်အောင် ကြိုးစားပါ၊ သမီး မေမေဟာ ဆရာဝန် ဆေးဝါး ရှားပါးလို့သာ ဆုံးပါးခဲ့ရတာ၊ သမီး ကိုယ်တိုင် ဆရာဝန်တစ်ယောက် ဖြစ်အောင် ကြိုးစားပြီး သမီး မေမေလို မိခင်တွေကို ကယ်တင်ပါဆို၊ ဒါတွေ အားလုံး ဘာမဟုတ်တဲ့ ကိစ္စလေး ကြောင့် ပျက်ရတော့မှာလား ဒက်ဒီရယ်၊ သမီးကို ယုံပါ၊ အိမ်ထောင်တစ် ဖက်နဲ့ ဆ မ ရအောင်လုပ်ဖို့ မဖြစ်ဘူးဆိုတာ သမီး သိပါတယ်၊ နောက် ပြီး ဒက်ဒီ့သမီးဟာ ကိုယ်နဲ့ အဆင့်အတန်း ပညာအရည်အချင်း မတူတဲ့ လူကို အိမ်ထောင်ဖက်အဖြစ် ရွေးမယ် ထင်လို့လား'

'ဟင်း'

'ဒက်ဒီ့ သိုက်သမားကို ဒက်ဒီ ကိုယ်တိုင် လေ့လာပါဦး၊ ဒက်ဒီ



www.burmeseclassic.com

www.burmeseclassic.com



သအောာမတွေ့တာ သမီး မလုပ်ပါဘူး၊ ကျေးဇူးပြုပြီး ဟိုမျက်နှာရှုးကိုသာ ပြန်လွှတ်လိုက်ပါ၊ ဒက်ဒီ သူ့ကြောင့် စိတ်အနှောက်အယှက်တွေ ကြုံရ လိမ့်မယ်'

'ငါ့ကို ဆရာမလုပ်နဲ့ အောင်ထွန်းတော့ ပြန်မလွှတ်ဘူး၊ နင်သာ နင့် စာမေးပွဲ အောင် အောင်ဖြေ'

'ဒီလိုလုပ်ပါ ဒက်ဒီရဲ့ … စာ ဖြောင့်ဖြောင့် ကျက်ပါရစေ'



# အခန်း(၃၀)

## Day 24

'ဘယ်လိုလဲ ဝေ … အူမြူးနေတယ် ဟုတ်လား၊ စာလည်း ကျက် ဦးနော်၊ ကားခနဲ ကျနေမယ်'

'Written မရတောင် Viva နဲ့ ကယ်လို့ ရပါတယ်ကွာ၊ မင်းကလည်း …ငါက မိလွဲသာ viva ကို စိုးရိမ်တာ'

'နေဦး၊ ဒီရက်ပိုင်းစာတွေ မင်းဘယ်လိုလုပ်မလဲ၊ လော်နဲ့ သွားမအော် တော့ဘူးဆို'

'ငါ့မှာ အကြံရှိပါတယ်ကွာ၊ စီစဉ်ထားပြီးပါပြီ၊ စိတ်ဝင်စားရင် မင်း လိုက်ကြည့်မလား'

'စိတ်တော့ ဝင်စားတယ်၊ လိုက်တော့ မကြည့်နိုင်ဘူး ဟော့ကောင်၊ ကိုယ့်ဟာကိုယ်လည်း ကျက်ရဦးမယ်၊ မင်းတို့အောင်ပြီး ငါ ကျနေဦးမယ်'

'ဒါဆိုလည်း ပြီးရော'



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၃၁)

### Day 25 4:30 pm

'ရပ်မိရပ်ဖ ဦးဦး ဒေါ်ဒေါ် ကိုကို မမတို့ ခင်ဗျာ၊ ထီ ဆိုတာမျိုးက ထိုးကြည့်ရင်တော့ ပေါက်နိုင်ပါသေးတယ်၊ လုံးလုံး မထိုးရင်တော့ တစ်ပြားမှ ပေါက်မှာ မဟုတ်ဘူး ခင်ဗျ၊ ဟုတ်ကဲ့၊ ကောက်ရလို့ပေါက်မှ ယူမယ်ဆိုတဲ့ လူစားမျိုးလည်း ရှိပါတယ်၊ ဒီတော့ကာ မနည်းမနော ပိုက်ဆံတွေ နေရင်းထိုင်ရင်း အလကားရဖို့ ကျွန်တော် ဒီလှည်းကို တွန်းပြီး ဒီလမ်းထဲလာ ဒီလော်နဲ့ နှိုးဆော် အော်ဟစ်ရကြောင်းပါ၊ ထီလှည်းပါ ခင်ဗျ၊ ဘယ်သူမဆို ကလေး လူကြီး မရွေး လွတ်လပ်စွာ လာကံစမ်းနိုင်ပါတယ် ခင်ဗျ၊ တခြားလှည်းတွေလို အော်သာအော်ပြီး ကိုယ်တိုင်မထိုးတဲ့ လူစားမျိုး မဟုတ်ပါဘူး၊ ကျွန်တော်ကိုယ်တိုင် အတိတ်ကံကြမ္မာကို လေးစားသောအားဖြင့် တစ်လ သုံးစောင်ထိုးတဲ့ လူစားပါ၊ ဒါအမှန်ပါ ခင်ဗျ၊ မယုံ လာကြည့်ပါ၊ ကျွန်တော် အခု တစ်စောင် ထိုးပြပါ့မယ်၊ ကျွန်တော် အရင် ပေါက်သွားရင်တော့ မိဘများကို ရေသန့်ဘူးလောက် ဖြစ်ဖြစ်တော့ လာဝေမှာပါ ခင်ဗျ၊ စကားမစပ် မိလဲ့ရေ …Viva ကို သတိထားဖြေဖို့ ကြိုးစားဟ၊ နင်က written ရတယ်၊ ဟုတ်ကဲ့ ခင်ဗျ … ဘာပြောပြော လကုန်ရင်တော့ ထီပေါက်ပါတယ်၊ ဘယ်သူ ဘယ်ဒေသက ထပေါက်မယ်မှန်းသာ မသိတာပါ၊ အဲဒီတော့ ထိုးကြည့်တာ မမှားပါဘူး'

အိမ်သူရွှေမ စာပေ



www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၃၂)

## Day 26

'လူတစ်ယောက်ဟာ တစ်သက်မှာ တစ်ခါလောက်တော့ ထီပေါက်ချင် ပေါက်နိုင်ပါတယ်၊ ဘယ်အရွယ်မှာ ဘယ်လောက် ပေါက်မယ်မှန်းသာ မသိကြတာပါ၊ ထီဆိုတာ တစ်လမှတစ်ခါ ဖွင့်တာပါခင်ဗျ၊ တစ်လတစ်ခါလောက်တော့ ကံစမ်းကြည့်တာ မမှားပါဘူး၊ ဟုတ်ကဲ့ … မနေ့ကလာတဲ့ ထီလှည်းပါပဲ၊ မနေ့က သိပ်မထိုးကြလို့ ဒီနေ့များ ပိုထိုးကြမလားဆိုပြီး လာတာပါ ခင်ဗျ၊ ထီသည်ပါ ခင်ဗျ၊ ဆီသည် ဆန်သည် ဒီလို လည်မရောင်းပါဘူး ခင်ဗျ အဲ အဲ'

'ဒီအသံ ကြားဖူးပါတယ် မှတ်တာ လက်စသတ်တော့ အစ်ကိုကြီး ဟား ဟား'

'တိုးတိုးလုပ်ပါဟ စည်သူရ ဘယ်ကလာတုံး'

'မော်မော်တို့အိမ် သွားလည်ပြီး ပြန်လာတာ'

'အဆင်ပြေနေတယ်ပေါ့'

'OK နေပြီဗျ၊ အစ်ကို့မှာတော့ ဒုက္ခမသေးဘူးနော်၊ ကျွန်တော်သာဆို ခိုးခက်ပြေးတန် ပြေးပလိုက်တယ်'

'အဲလို သွားလုပ်လို့မရဘူးကွ၊ အားလုံး ကျိုင်ကုန်မယ်၊ ငါဒုက္ခ ရက်သိပ်မကျန်တော့ပါဘူးကွာ'



www.burmeseclassic.com

www.burmeseclassic.com



'ဘယ်က လှည်းကြီးတုံး'

'ထီရောင်းတဲ့ ဦးလေးကြီးကို ပြောပြီး ငှားလာတာကွ၊ တစ်စောင်မှမ ရောင်းရရင် ငါ မင်္ဂလာစုံတွဲတစ်စောင် ဝယ်ရမှာ၊ မင်း ထိုးပါလား'

'ပိုက်ဆံ မရှိတော့ဘူးဗျ'

'မင်းကလည်း အားကို မကိုးရဘူး'

'အစ်ကို့ ယောက္ခထီးကြီး သွားရောင်းပါလား'

'ပြဿနာမရှာနဲ့ ဟေ့ကောင်၊ အဘိုးကြီး မရိပ်မိသေးဘူး ထင်တယ်၊ သွား သွား ...ငါလည်း ဆက်အော်လိုက်ဦးမယ်'

'ဟုတ်ကဲ့ ထီပါခင်ဗျ၊ ထဆင်ထူး လုံးကြီးတင်ဆန်ခတ် ထီပါ၊ မိလှဲ့ ရေ ... ငါ Short notes တွေ စာတိုက်ပုံးထဲ ထည့်သွားတယ်ဟေ့နော် ထည့်ထားခဲ့တာတွေ စာတိုက်ပုံးထဲမှာဟ၊ ဟုတ်ကဲ့၊ ထိုးတဲ့ကိစ္စတွေထဲမှာ ထီထိုးတာက မပင်မပန်းနဲ့ ပိုက်ဆံ အများဆုံးရတဲ့ ကိစ္စပါ၊ ထီဆိုတာ ထိုးကြည့်သင့်ပါတယ်၊ လှူလို့ တန်းလို့ ပေးလို့ ကမ်းလို့ ရအောင် ...'



# အခန်း(၃၃)

## Day 27

'လှည်းတစ်စီး တွန်းပြီး အော်ချင်ရာတွေ လျှောက်အော်ရောင်းနေတဲ့ ဈေးသည်ထဲမှာ ထီသည်ဟာ မင်္ဂလာအရှိဆုံးပါ ခင်ဗျ၊ အမိအဖတို့ အိမ် ရှေ့ ဒီမင်္ဂလာလှည်း ရောက်လာခိုက်မှာ မင်္ဂလာရှိအောင်ဆိုပြီး တစ်စောင် နှစ်စောင်လောက်တော့ ထိုးကြည့်ရင် မမှား ...'

'ဟေ့ကောင်'

'သြော် ဟုတ်ကဲ့၊ ဘာဂဏန်းများ ကြိုက်လဲ ခင်ဗျ၊ တနင်္ဂနွေအစ စနေအဆုံး ... အ ထ အဲ အဲ'

'ဘာမှမထိုးဘူး၊ မင်း ဘာလာလုပ်တာလဲ'

'ထီရောင်းနေတာလေ'

'မနေ့ကတည်းက ဒီအသံကြားဖူးပါတယ်ဆိုပြီး နားစွင့်နေတာ၊ ဒီမှာ ကလိန်ခြံကောင် ... မင်း ဘာဉာဏ်နီဉာဏ်နက် ထုတ်နေလဲ၊ ဒီလမ်းထဲ က ထွက်သွားစမ်း'

'ခင်ဗျားလမ်းလည်း မဟုတ် ကျွန်တော့်လမ်းလည်း မဟုတ် ကိုယ့်ဟာ ကိုယ် ဈေးရောင်းနေတာ၊ ဘာလို့ သွားရမှာလဲ၊ မသွားဘူး၊ ဟုတ်ကဲ့ ခင် ဗျာ ... ကျွန်တော်တို့ ထီဆိုတာမျိုးဟာ ဆိုရင်ဖြင့်'

'ဟေ့ကောင်'



www.burmeseclassic.com

www.burmeseclassic.com



'ဘာလဲဗျာ၊ ခင်ဗျားက တစ်မျိုး၊ ဈေးရောင်းနေတာ မနှောင့်ယှက်စမ်းပါနဲ့၊ ဟာ ..အန်ကယ် ဦးကျော်ဝင်း ဟဲ ဟဲ ထီထိုးသွားပါဦး'

'ဟား ဟား ဟား ... ကျုလည်း ကျုတဲ့ကောင်ကွာ၊ အေး အေး ထိုးရတာပေါ့ကွာ ပြစမ်း'

'ဟော့ကောင် ... ဒီလူကြီး ထိုးပြီးရင် မင်းသွားတော့'

'ဒီသူငယ် တယ်ရိုင်းပါလားကွ ဟေ'

'ဟုတ်တယ် အန်ကယ်၊ ကျွန်တော့်ဟာ ကျွန်တော် ဈေးရောင်းနေတာလာ မောင်းထုတ်နေတယ်'

'ဘာကိစ္စ မင်းက မောင်းထုတ်ရတာတုံး၊ မင်း ဟိုလူကြီး အိမ်ကကောင် မဟုတ်လား'

'ဟုတ်တယ်၊ ဒီကောင့်ကို ကြည့်မရလို့'

'ဟ ကြည့်မရတိုင်း လူတစ်ယောက်ကို အသားလွှတ် မောင်းထုတ်ရအောင် မင်းက ဘာလဲ၊ ဒါမှမဟုတ် လူမိုက်လား၊ ဥပဒေကြောင်း အရကြည့်ရင် မင်း ထောင်ကျသွားနိုင်တယ် ဟော့ကောင် ... ငါ တရားသူကြီးဟောင်းကွ၊ ဒီသူငယ်ဘက်က တရားစွဲလိုက်မယ်၊ ဘာမှတ်တုံး'

'ဟာ ဘာတွေ လာပြောနေတာတုံး ... ကြာပါတယ်ကွာ၊ ဒီမှာဟော့ကောင် ... ဘယ်လိုလုပ်ရင် မင်း ဒီလမ်းထဲက သွားမလဲ'

'ဈေးသည်ပဲဗျ၊ ပစ္စည်းကုန် ပြန်တာပေါ့'

'ဒါဆိုပေးကွာ၊ ပေးစမ်း၊ မင်း ထီလက်မှတ်တွေ အကုန်ပေး၊ ဘယ်လောက်ကျလဲ ပြော'

'နေဦး ... အရမ်း စွတ်စပ်မလုပ်နဲ့ဦး၊ တွက်ရဦးမယ်ဗျ၊ ရှစ်သောင်းတစ်သိန်းဖိုးလောက် ရှိမလားပဲ'

'အေး တွက်ထား၊ နေဦး ... မင်းလှည်းပါ တစ်ခါတည်း ရောင်းခဲ့ကွာ၊ ဘယ်လောက်ပေးရမလဲ ပြော'

'အာ ... လှည်းတော့ ရောင်းလို့ မရဘူးဗျ၊ ငှားလာတာ'

'မရ ရတာ ရောင်းခဲ့ပြီး ပြန်ကွာ၊ ငါ ပိုက်ဆံသွားယူဦးမယ်'

'ဒီလူ အန်ကယ့်ကို လန့်သွားတယ် ဟား ဟား'





'ကောင်းတယ်၊ ဒီလို ကောင်စားမျိုးက ဒီလို အကွက်မျိုးရှေ့မှ၊ အခုကြောင်ကြောင်နဲ့'

'ရော့ ဟော့ကောင် ... ပေး မင်း ထီလက်မှတ်တွေ'

'ဟော့လူ သိမ်းတော့ထားဦးနော်'

'အဲဒါ ငါ့အလုပ်၊ မင်းအလုပ်က အခုဒီလမ်းထဲက မင်းပြန်ဖို့'

'ရတယ် သွားပြီ၊ ဩော် ဟော့လူ နေဦး၊ ဒီစာရွက်တွေ မိလဲ့ကို ပေးပေးစမ်းပါ'

'ပေးကွာ ပေး ... သွားတော့ ... သွား သွား'

'သွားပြီ အန်ကယ်၊ ဟဲလို မိလဲ့ ငါပြန်သွားပြီ စာရွက်တွေ နင့်အိမ်ကလူ လက်ထဲ ထည့်ခဲ့တယ်'

'ဩော် သွားခါနီးတောင် ပါးစပ်က ... ဟော့ကောင် သွား သွား'



www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၃၄)

## Day 28

'မင်္ဂလာရှိသော အိမ်ဂေဟာရှေ့မှောက်ကို တစ်ခါ တစ်ခေါက် ဆိုသလိုဖြင့် ရောက်လာ လာ အာ ...လန့်လိုက်တာဗျာ'

'မင်း လာပြန်ပြီလား'

'ဈေးသည်ပဲဗျာ၊ မနေ့က ရောင်းကောင်းတဲ့ နေရာ ဒီနေ့ ပြန်မလာဘဲ နေမလား'

'ငါ ဆွဲထိုးမိမယ်နော် ဟေ့ကောင်'

'ထိုးရင်တော့ အထိုးခံပြီး ရဲစခန်း သွားတိုင်ရမှာပဲ၊ နောက်တစ်ခု ခဥ်းစားနော်၊ ဒီလမ်းထဲမှာ ကျုပ်က ခင်ဗျားထက် လူချစ်လူခင် ပိုများတယ်၊ တစ်ခုခုဆို ခင်ဗျား မလွယ်ဘူး'

'ကျွတ် ... မင်းဟာတွေ ဘယ်လောက်ကျလဲ တွက်ထားစမ်းကွာ၊ ဘာကောင်လဲ ဒီကောင်'

'မိလဲ့ ဒီနေ့လည်း လှည်းလုံးကျွတ် ရောင်းရပြန်ပြီဟ၊ ဟိုလူ ပိုက်ဆံသွားယူနေတုန်း ကြားရတာ၊ အမှန်မှာ ဘာမှ ပြောစရာ သိပ်မရှိဘူး၊ သန်ဘက်ခါ နင် ကျောင်းခဏလာမှ ဖြစ်မယ်လို့ ပြောရုံပဲ၊ ငါ လှည်းငှားလာတဲ့ဦးလေးကြီး ရောင်းရစေချင်လို့ တမင်လာတာ'

အိမ်သူ့ရွှေမ စာပေ

www.burmeseclassic.com

www.burmeseclassic.com



'မင်း ယုတ်မာလှချည်လားဟ၊ မဝယ်ဘူး ဟော့ကောင် …မင်းထိ လက်မှတ်တွေ'

'ကိစ္စမရှိဘူး၊ မဝယ်ရင် ဝယ်တဲ့လူ လာတဲ့အထိ ဆက်ရောင်းရမှာ ပဲ၊ ဆက်ပြီး အော်ချင်ရာ အော်ရမှာပဲ၊ လိုအပ်ရင် သီချင်းတောင် ဆိုပြ သင့် ဆိုပြရမှာ'

'ဟာ … တော် တော်၊ ဘယ်လောက်ကျလဲ ပြော၊ ပြီးရင် ပြန်တော့'



# အခန်း(၃၅)

## Day 29

### 9:30 am

'ဘယ်လိုလဲ ဟော့ကောင် … မင်းကတော့ ပိုင်မှာပါ'

'မထင်နဲ့ အောင်ထွန်း၊ ငါလည်း သိပ်မရသေးဘူး၊ ဟိုကောင် ဝေ ကတော့ ရမှာပေါ့'

'နေဦး … လှဲ့ရည်မိုးဆွေက လာဖြေမှာလား'

'မသိဘူးကွ၊ ဟိုကောင်ပဲ သိမှာ၊ ဟိုမှာ လာပြီ၊ မေးကြည့်'

### 12:00 pm

'ညည်းစာမေးပွဲက ဘယ်နေ့လဲ'

'သန်ဘက်ခါလေ ဒက်ဒီ၊ ဘာဖြစ်လို့လဲ'

'ဘာမှမဖြစ်ဘူး၊ ငါ ကိုယ်တိုင် လိုက်ပို့မလို့ မေးတာ'

'ကောင်းတာပေါ့ ဒက်ဒီရဲ့'



www.burmeseclassic.com

www.burmeseclassic.com



## 4:30 pm

'ကိုဝေ ထိ လာ လာရောင်းနေတယ်ဆို အန်တီ၊ ဒီနေ့ရော လာဦးမလား မသိဘူး'

'မပြောတတ်ပါဘူး သန္တာရယ်၊ ဒီကောင်လေးမလည်း ဘယ်လို အဆွဲအလန်း လာကြီးနေတယ် မသိ'

'ဘာပဲဖြစ်ဖြစ် လာရင်တော့ ထိထိုးပြီး အားပေးရမယ်၊ အန်တီလည်း အားပေး'

'ဟင်း ဟင်း အေးပါဟဲ့'

## 7:30 pm

'ဖြစ်နိုင်ရင်တော့ ငါ မနက်ဖြန်ပဲ စချင်တယ်၊ မင်းတို့ ကားလဲဖို့ စီစဉ်ထား'

'ဘယ်မှာလဲ ဆရာ'

'ပျဉ်ပုံကြီးနဲ့ ကဒုတ်ကြားမှာ'

'ဆရာ့ကားပဲလား'

'အေး'



## အခန်း(၃၆)

## Day 30

'ဟုတ်တယ် နိုင်ကြီး၊ မိလှဲတို့ ဒရိုင်ဘာကြီးကို ထားခဲ့ပြီး မောင်းထွက်သွားကတည်းက ငါ မသင်္ကာလို့ လိုက်သွားတာ အခု ရှစ်မိုင်မီးပွိုင့်ကျော်လာတော့ သေချာသွားပြီ'

'..........'

'ငါ ပြောမယ်၊ မင်းစိတ်မပူနဲ့၊ ဘာမှမဖြစ်ဘူး၊ မိလှဲ အဘိုးကြီးကို အကြောင်းကြားထားလိုက်၊ ငါထင်တာတော့ ပဲခူးဘက် ထွက်လိမ့်မယ်'

'............'

'ရတယ်၊ ငါ့အဖေရုံးက Lite Ace နဲ့ ငါကလိုက်နေတာ၊ ငါပါလာမှန်း သူတို့ မသိသေးဘူး'

'..........'

'ဘာမှ မလုပ်ဘူး၊ ငါ့ကိုမမြင်အောင် ကျော်တက်ပြီး Dead Stop ပေးလိုက်ရင် ဝင်ကိုတိုက်မှာ၊ အရှိန် မများဘူး၊ ဘာမှဖြစ်မှာ မဟုတ်ဘူး၊ တိုက်လိုက်ရင် လူတွေ အုံလာမှာ၊ အဲဒါဆို ပြီးပြီ၊ ဒီလူ ဘာမှလုပ်လို့ မရ တော့ဘူး'

'............'

'မပူနဲ့ မပူနဲ့၊ မင်းသာ အဘိုးကြီးကို အကြောင်းကြားပြီး နောက်က

www.burmeseclassic.com



လိုက်ခဲ့'

'............'

'ဘာမှ မဖြစ်လောက်ဘူး၊ ဖြစ်ချင်းဖြစ် ဟိုလူပဲ ဖြစ်မှာ၊ မိလဲ့က နောက်ခန်းထဲမှာ၊ ပြီးတော့ မတ်ခ်တူးက ခေါင်းနည်းနည်းရှည်ပြီး မာလည်း မာတယ်၊ ဒါပဲ သူငယ်ချင်း'

* * *

'ဒက်ဒီ ရှင့်ကို ယုံတာကိုက မှားတာပဲ၊ ရှင်ကမှ သိုက်သမားစစ်စစ်'

'လဲ့ရည် ဟဲ ဟဲ ... ခုန်တော့ မချလိုက်နဲ့နော်၊ ကိုယ်က ချစ်လွန်းလို့ အဆုံးရှုံးမခံနိုင်လို့ပါ ဟဲ ဟဲ'

'မချပါဘူး၊ ခုန်ချရင် ကျွန်မ သေသွားမှာပေါ့ ... ရှင့်ကို တစ်နေ့ ရအောင် သတ်ရဦးမှာ၊ ရှင် ကျွန်မကို ရတာဟာ မြွေပွေးခါးပိုက် ပိုက်မိတာထက်ကို ဆိုးစေရမယ်၊ စိတ်သာချ'

'လဲ့ရည်ကလည်း ဟဲ ဟဲ စိဘ်ကြီးတာကိုး၊ ဟဲ ဟဲ နောက်တော့လည်း ကြာသွားတော့ ... ဟဲ ဟဲ'

'ရှေ့မှာ ကား ကား'

'အား'

'ကျွီ'

'ဂျိုင်း'



## အခန်း(၁၇)

မနက် (၇း၄၅)ရှိသွားပြီ။ တစ်ညလုံး တောက်လျှောက် စာထိုင်ရေးခဲ့ရလို့ ကျွန်တော့် တစ်ကိုယ်လုံး နေရာလပ် မရှိအောင် ညောင်းချိကိုက်ခဲ နေပါတယ်။ ဒါပေမဲ့ ကျွန်တော် ကျေနပ်ပါတယ်။ အလုပ် တစ်ခုကို ပြီးမြောက်အောင် ဆောင်ရွက်လိုက်နိုင်တာထက် ဘဝမှာ အမှတ်ရစရာ အဖြစ်အပျက်တစ်ခု၊ အမှတ်ရစရာ လူတွေနဲ့ ကာလတစ်ခုကို ကျွန်တော် မှတ်တမ်းတင်ထားလိုက်နိုင်တာက ကျွန်တော် ပင်ပန်းရတာထက် ပိုပြီး အကျိုးကျေးဇူးကြီးတယ်လို့ ကျွန်တော် ယုံကြည်တယ်။

ဒီနေ့ လူတစ်ယောက်ကို ကျွန်တော် သတိရနေတယ်။ နောက်ပြီး ဒီနေ့ဟာ အဲဒီလူအတွက် အမှတ်တရနေ့တစ်ခုလည်း ဖြစ်တယ်။ ဒီနေ့ဟာ ........



www.burmeseclassic.com

www.burmeseclassic.com

# ဇာတ်သိမ်း

'ဘာတွေ ရေးနေတာလဲ၊ အများကြီးပါလား'

'ဖတ်ကြည့်လေ ရော့'

'တော်တော် မှတ်မိသေးသားပဲ၊ အဲဒီတုန်းက အဖြစ်အပျက်တွေကို'

'သာမန်လူတစ်ယောက် အတွက် တော်တော်နဲ့ မေ့မှာမဟုတ်တဲ့ကိစ္စတွေပဲလေ'

'တစ်ညလုံး ထိုင်ရေးနေတာလား'

'ဟုတ်တယ်'

'ဘာလုပ်ဖို့လဲ'

'ကွယ်လွန်သွားတဲ့ လူတစ်ယောက်အတွက် တစ်စုံတစ်ရာ အမှတ်တရ ဖြစ်စေဖို့ပါ၊ ဒီနေ့က ရှစ်နှစ်ပြည့်တဲ့နေ့လေ၊ သြော် ကလေးတွေ နိုးပြီလား'

'ဘိုကျားလေးကတော့ နိုးနေပြီ၊ သားသားကတော့ အိပ်တုန်း'

'အမြွှာနှစ်ကောင်ဖြစ်ပြီး တစ်ယောက် တစ်မျိုးစီ၊ ဘယ်သူနဲ့ တူလို့ ကိုးလိုးကန့်လန့် ဖြစ်နေလဲ မသိဘူး'

'အဖေနဲ့ တူလို့ ဖြစ်မှာပေါ့'

အိမ်သူရွှေမ စာပေ

www.burmeseclassic.com

www.burmeseclassic.com



'ပေါင်းလာတာပဲ ကြာလှပြီ၊ အခုထိ ယောက်ျားကို ဘုပြောချင်တုန်းပဲလား'

'နေဦး၊ ဘာလို့ ဆုံးအောင် မရေးထားတာလဲ'

'ပထမ တစ်ခုက အဲလောက်ပဲ ကောင်းမယ် ထင်လို့'

'နောက်တစ်ခုက'

'နောက်တစ်ခုက အခု ပြောနေတာတွေပါ ထည့်ရေးချင်လို့'

'ဒါဖတ်ကြည့်မှ အဲဒီတုန်းကဟာတွေ ပြန်သတိရလာတယ်'

'သတိရမနေနဲ့၊ ကလေးတွေ သွားနှိုးတော့၊ အုတ်ဂူကို လိုက်ပြမယ် ပြောထားတာလေ၊ သြော် နေဦး'

'ဘာလဲ'

'မိလှဲ ... သူတို့ အဖိုးက သူတို့အဖေကို သေတဲ့အထိ သိုက်သမားလို့ ခေါ်သွားတာ ပြောမှုးလား'

'ငေ ... နင် ဘာဖြစ်နေလဲ၊ ငယ်မူပြန်နေတယ် ဟုတ်လား၊ အဘိုးကြီး ဖြစ်နေပြီနော်၊ တကတည်းနဲ့မှ ငယ်ကျင့်ကို မပျောက် ...'

'ဒီနေ့ ငါ နင့်ကို ရည်းစားစကား ပြောမလားလို့'

'တော်စမ်း !'

* * * *

အရိုး

၁၂၊ ၃၊ ၂၀၁၀။



www.burmeseclassic.com